ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်၊ ဗုဒ္ဓဟူးနေ့၊ (30-3-2005)(၄၅၅၃)

အင်ဒိုနီးရှားနိုင်ငံ စုမားတြားကျွန်းအနီးတွင် မြေငလျင်လှုပ်မှုကြောင့် အသက်အိုးအိမ်ဆုံးရှုံးခဲ့ခြင်းအတွက် သဝဏ်လွှာများပေးပို့

ရန်ကုန်　　မတ်　　၂၉

၂၀၀၅ခုနှစ် မတ် ၂၈ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ စုမားတြားကျွန်းအနီး၌ မြေငလျင်လှုပ်ခတ်ခဲ့ခြင်းကြောင့် ထိုဒေသရှိ ပြည်သူများ၏ အသက်အိုးအိမ်ပစ္စည်းများ ဆုံးရှုံးခဲ့ခြင်းအတွက် ပြည်ထောင်စုမြန်မာနိုင်ငံ နိုင်ငံတော်–အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုယိုနိုထံသို့လည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံမှ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာယူဆွတ်ကာလာထံသို့လည်းကောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ ဒေါက်တာ ဆူဆီလို ဘန်ဘန်းယူဒိုယိုနိုထံသို့လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး ဒေါက်တာအင်န်ဟတ်ဆန်ဝီရာယုဒထံသို့လည်းကောင်း ဝမ်းနည်းကြောင်း သဝဏ်လွှာများကို ပေးပို့ခဲ့သည်။

(သတင်းစဉ်)

စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာလီရှန်းလုံး၏ ကိုယ်ရေးအကျဉ်းပတ်

မစ္စတာလီရှန်းလုံးသည် ၁၉၅၂ခုနှစ် ဖေဖော်ဝါရီ ၁၀ရက်တွင် မွေးဖွားခဲ့ပါသည်။ နန်ယန်းမူလတန်းကျောင်း၊ ကက်သလစ် အထက်တန်းကျောင်းနှင့် National College တို့တွင် ပညာသင်ကြားခဲ့ပြီး ၁၉၇၄ခုနှစ်တွင် ဗြိတိန်နိုင်ငံ ကင်းဘရစ်တက္ကသိုလ်မှ သင်္ချာဘာသာဘွဲ့(ဂုဏ်ထူးတန်းပထမအဆင့်)နှင့် Computer Science ဒီပလိုမာတို့ကို ရရှိခဲ့ပါသည်။ ၁၉၈၀ ပြည့်နှစ်တွင် အမေရိကန်နိုင်ငံ ဟားဗတ်တက္ကသိုလ်မှ Public Administration ဆိုင်ရာ မဟာဝိဇ္ဇာဘွဲ့ ရရှိခဲ့ပါသည်။

၁၉၇၁ခုနှစ်တွင် စင်ကာပူတပ်မတော်သို့ ဝင်ရောက်ခဲ့ပြီး ၁၉၈၄ခုနှစ်အထိ ရာထူးတာဝန်အဆင့်ဆင့်ဖြင့် ဗိုလ်မှူးချုပ်ရာထူးတိုင်အောင် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၁၉၈၄ခုနှစ်တွင် နိုင်ငံရေးလောကသို့ ကူးပြောင်းဝင်ရောက်ခဲ့ကာ People's Action Party မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် ဝင်ရောက်အရွေးခံခဲ့ပြီး ၁၉၈၈၊ ၁၉၉၀၊ ၁၉၉၇၊ ၂၀၀၁ခုနှစ် ရွေးချယ်တင်မြှောက်ပွဲများတွင် ပြန်လည်ရွေးချယ်ခံခဲ့ရပါသည်။ ၁၉၈၆ခုနှစ်တွင် People's Action Party ၏ ဗဟိုအမှုဆောင်ကော်မတီဝင်အဖြစ် လည်းကောင်း၊ ၁၉၈၉ ခုနှစ်တွင် ဒုတိယလက်ထောက် အတွင်းရေးမှူးချုပ်အဖြစ်လည်းကောင်း၊ ၁၉၉၂ ခုနှစ်တွင် လက်ထောက်အတွင်းရေးမှူးချုပ်အဖြစ် လည်းကောင်း၊ ၂၀၀၄ခုနှစ် ဒီဇင်ဘာလတွင် အတွင်းရေးမှူးချုပ်အဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။

၁၉၈၄ ခုနှစ်တွင် ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့တွင် Minister of State အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၁၉၈၆ခုနှစ်တွင် ခေတ္တကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးအဖြစ် **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❁

အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့မှ ကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုချက်စာတမ်းများ ဖတ်ကြားတင်ပြ

ရန်ကုန်　　မတ်　　၂၉

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ အမျိုးသားညီလာခံတွင် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာ၌ ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ကိုယ်စားလှယ်အစုအဖွဲ့များမှ ကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုချက်စာတမ်းများကို ဖတ်ကြားတင်ပြကြသည်။

အဆိုပါ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများဖြစ်ကြသည့် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်၊ ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ “ဝ”အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❒

အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးစဉ်။

(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၃၀-၃-၂၀၀၅
(ဗုဒ္ဓဟူးနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ပေါ်ထွန်းရေး တပ်မတော်နှင့် ပြည်သူစည်းလုံးညီညွတ်မှုဖြင့် ကြိုးပမ်းတည်ဆောက်

အမျိုးသားနိုင်ငံရေးရည်မှန်းချက်နှင့် နိုင်ငံတော်၏ လိုအပ်ချက်အရ ဖြစ်တည်ပေါ်ပေါက်လာခဲ့သော တပ်မတော်သည် အမျိုးသားရေးတာဝန်ကို သမိုင်းအစဉ်အဆက်အသက်နှင့်လဲ၍ ဦးလည်မသုန်ထမ်းဆောင်လျက်ရှိသဖြင့် မျိုးချစ်မြန်မာ့ တပ်မတော်ဟူသည့် ဂုဏ်ထူးဝိသေသရှိသော တပ်မတော်ပင်ဖြစ်သည်။

မျိုးချစ်မြန်မာ့တပ်မတော်သည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ အကျိုးစီးပွားကို ထာဝရသယ်ပိုးထမ်းရွက်ရင်း အရေးကြုံတိုင်း ပြည်သူ့ရှေ့မှ မားမားမတ်မတ်ရပ်တည် ကာကွယ်စောင့်ရှောက်လာခဲ့သည်မှာ နှစ်(၆၀)ပြည့်မြောက်ခဲ့ပြီ ဖြစ်သည်။

၂၀၀၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင်ကျင်းပသည့် နှစ် (၆၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်၍ မိန့်ခွန်းမြွက်ကြားရာ၌ **စည်းကမ်းလည်းရှိဒီမိုကရေစီအနှစ်သာရလည်းရှိတဲ့ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကို ပြောင်းလဲကျင့်သုံးကြရမှာဖြစ်ပြီး ကူးပြောင်းရေးလုပ်ငန်းစဉ်ဟာ သိမ်မွေ့ညင်သာစွာ ဆောင်ရွက်ရမယ့် ခေတ်ပြောင်း၊ စနစ်ပြောင်း တော်လှန်ရေးတစ်ရပ်ဖြစ်တယ်။ ယင်းသို့ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်အတွက် အဆင်သင့်ဖြစ်အောင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုတဲ့ ကဏ္ဍတိုင်းမှာ အစစအရာရာ ပြုပြင်ပြောင်းလဲမှုတွေကို ပြုလုပ်ဖို့လိုအပ်တယ်** ဟူ၍ မိန့်ကြားခဲ့သည်။

မျက်မှောက်ခေတ်အချိန်အခါသည် နိုင်ငံတော်၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် တိုင်းရင်းသားပြည်သူတို့၏ ပူးပေါင်းပါဝင်မှုစွမ်းအားဖြင့် အရှိန်အဟုန်မြှင့်တည်ဆောက်နေသော ကာလဖြစ်သည်။

နိုင်ငံတော်ကို ဦးဆောင်ဦးရွက်ပြုနေသော တပ်မတော်သည် သမိုင်းပေးသင်ခန်းစာဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို နိုင်ငံတော်၏မူဝါဒအဖြစ် ချမှတ်ပြီး အမျိုးသားနိုင်ငံရေးကို အစဉ်ရှေ့ရှုဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်နှင့်အညီ အမျိုးသားညီလာခံကြီးကို အောင်မြင်စွာ ကျင်းပလျက်ရှိနေပြီဖြစ်သည်။

နိုင်ငံတော်တွင် လွတ်လပ်ရေးရပြီးစကာလက ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့သော်လည်း ပြည်တွင်းသောင်းကျန်းမှုကြောင့် ပီပီပြင်ပြင် မကျင့်သုံးနိုင်ခဲ့ဘဲ နိုင်ငံရေးပါတီများ စိတ်ဝမ်းကွဲပြားပြီး ဒီမိုကရေစီစနစ်ကြီးချုပ်ငြိမ်းသွားခဲ့ရသည်ကို တွေ့ရှိရမည် ဖြစ်သည်။

နိုင်ငံတော်ကို ခေတ်ပြောင်းစနစ်ပြောင်းလုပ်ရသည့် ကာလတွင် အစိုးရအဖွဲ့နှင့် နိုင်ငံတော်အဖွဲ့အစည်းများသည် တောင့်တင်းခိုင်မာပြီး စွမ်းအားရှိရန် လိုအပ်ပေသည်။ မှန်ကန်သည့် မူဝါဒကိုချမှတ်ပြီး ပီပီပြင်ပြင် အကောင်အထည် ဖော်နိုင်စွမ်းရှိရမည်ဖြစ်သည်။ ဥပဒေပြုရေး၊ တရားစီရင်ရေးနှင့် အုပ်ချုပ်ရေးတို့တွင်လည်း ပြတ်ပြတ်သားသား ဆောင်ရွက်နိုင်စွမ်းရှိရမည် ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်ကို ဦးဆောင်ဦးရွက်ပြုနေသော တပ်မတော်က စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်ရာတွင် နိုင်ငံရေးအမြင်၊ စီးပွားရေးအမြင်၊ အုပ်ချုပ်ရေးအမြင်နှင့် ကာကွယ်ရေးအမြင် စသည့် အမြင်လေးမြင်ဖြင့် နိုင်ငံတော်၏ နိုင်ငံရေးစွမ်းအား၊ စီးပွားရေးစွမ်းအားနှင့် ကာကွယ်ရေးစွမ်းအားတို့ကို ပြည်သူတို့နှင့်အတူ လက်တွဲ၍ ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိခြင်းဖြစ်သည်။

သို့ဖြစ်ရာ သမိုင်းအစဉ်အဆက် နိုင်ငံတော်နှင့် ပြည်သူတို့အတွက် စွန့်လွှတ်စွန့်စား အစဉ်အလာကြီးမားခဲ့သော မျိုးချစ်မြန်မာ့တပ်မတော်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် တိုင်းရင်းသားပြည်သူတို့၏ စည်းလုံးညီညွတ်မှုစွမ်းအားနှင့်အတူ အကောင်အထည်ဖော် ကြိုးပမ်းတည်ဆောက်သွားနိုင်မည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

နှစ်(၆၀)ပြည့် တပ်မတော်နေ့အဓိဋ္ဌာန်

"နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် အသက်စွန့်မည့် မျိုးချစ် မြန်မာ့တပ်မတော်သည် အဖျက်ရန်စွယ် အန္တရာယ်မှန်သမျှကို ပြည်သူလူထုနှင့်အတူ လက်တွဲချေမှုန်းပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ အရောက်ချီတက်မည်ဟု အဓိဋ္ဌာန်ပြုပါ၏"

မြန်မာ့သိုင်းပညာပြပွဲနှင့် ဗန်တို(အတိုက်)ပြိုင်ပွဲဖွင့်

ရန်ကုန် မတ် ၂၉

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယမန်နေ့နံနက် ၁၀ နာရီတွင် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၌ ကျင်းပသော ၂၀၀၅ ခုနှစ် မြန်မာ့သိုင်းပညာပြပွဲနှင့် ဗန်တို(အတိုက်)ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ဝန်ကြီးနှင့် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ရဲမှူးချုပ်သန်းဟန်တို့က ပြိုင်ပွဲဝင် အားကစားသမားများအား တစ်ဦးချင်း လိုက်လံနှုတ်ဆက်အားပေးကြပြီး ၂၀၀၅ ခုနှစ် မြန်မာ့သိုင်းပညာပြပွဲနှင့် ဗန်တို(အတိုက်)ပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီမှ လှူဒါန်းငွေကျပ် ၁၅ သိန်းနှင့် အားကစားသမားများအတွက် သိုင်းဝတ်စုံ ၁၀၀ ကို ဝန်ကြီးက ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်သို့ အလှူငွေကျပ်သိန်း ၃၀ ကိုလည်းကောင်း၊ တန့်ဆည်မြို့နယ်မှ အလှူရှင် ဦးဝင်းဦးနှင့် ဦးချစ်မွေးတို့က အလှူငွေကျပ် ငါးသိန်းကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ အဖွဲ့ချုပ်ဥက္ကဋ္ဌက လက်ခံသည်။

ဆက်လက်၍ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်က သိုင်းစွမ်းရည်များပြသကာ ပထမနေ့ ပြိုင်ပွဲ ၁၅ ပွဲကို ကျင်းပသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်သို့ အလှူငွေကျပ် ၁၅ သိန်း လှူဒါန်းရာ အဖွဲ့ချုပ် ဥက္ကဋ္ဌ လက်ခံရယူစဉ်။ (ကြေးမုံ)

တရားပွဲကျင်းပမည်

ရန်ကုန် မတ် ၂၉

ဗဟန်းမြို့နယ် ဗိုလ်စိန်မှန်ရပ်ကွက်လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူဘုရားနှင့် ရဟန္တာများပူဇော်ပွဲကျင်းပရာ ဗိုလ်စိန်မှန် အားကစားကွင်းအတွင်းရှိ ဗဟိုစံကျောင်းတော်၌ ဧပြီ ၃ ရက်နှင့် ၄ ရက် (တနင်္ဂနွေ၊ တနင်္လာနေ့)တို့တွင် ဓမ္မစေတီဆရာတော် ဘဒ္ဒန္တ ကောသလ္လ (သာသန တက္ကသိုလ မဟာဓမ္မာစရိယ M.A Buddhism) က တရားတော်များကို ညစဉ် ၆ နာရီမှ စတင်ဟောကြားမည်ဖြစ်သည်။

(က-ပ)

တပ်မတော်နေ့ကို ဂုဏ်ပြု ဝင်းသူဇာအရောင်းဆိုင်များဖွင့်

ရန်ကုန် မတ် ၂၉

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းနှင့် မကွေးတိုင်းအတွင်းရှိ မြို့နယ်များ၌ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝင်းသူဇာ အရောင်းဆိုင်ဖွင့်ပွဲများကို ကျင်းပရာ ဝင်းသူဇာအရောင်းဆိုင် (တောင်သာ) ဖွင့်ပွဲအခမ်းအနားကို မတ် ၂၃ရက်က မန္တလေးတိုင်း တောင်သာမြို့ဈေးအနီး၌လည်းကောင်း၊ မကွေးတိုင်း ဆိပ်ဖြူမြို့၌ ဝင်းသူဇာအရောင်းဆိုင်ဖွင့်ပွဲကို မတ် ၂၄ရက်၌လည်းကောင်း၊ မတ်၂၆ရက်တွင် မကွေးတိုင်း ရေစကြိုမြို့၌လည်းကောင်း ကျင်းပရာ မြန်မာ့အထည်အလိပ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးသိန်းမောင်က ရှင်းလင်းပြောကြားသည်။ မကွေးတိုင်း မြိုင်မြို့၌ ဝင်းသူဇာအရောင်းဆိုင်ဖွင့်ပွဲကို မတ် ၂၆ရက် က ကျင်းပသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် အမှုဆောင်စည်းဝေး

ရန်ကုန် မတ် ၂၉

မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် အမှုဆောင်အဖွဲ့ အစည်းအဝေး (၁/၂၀၀၅)ကို မတ် ၂၇ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် ဂုဏ်ထူးဆောင် နာယက ရဲမှူးကြီးခင်မောင်ထွန်း(ငြိမ်း)၊ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်၊ ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်း၊ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ အမှုဆောင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သဘာပတိ အဖွဲ့ချုပ် ဂုဏ်ထူးဆောင် နာယက ရဲမှူးကြီး ခင်မောင်ထွန်း(ငြိမ်း)က အဖွင့်အမှာစကားပြောကြားပြီး အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ကရာတေးဒို အဖွဲ့ချုပ် အမှုဆောင်အဖွဲ့ကို ပြန်လည်ဖွဲ့စည်းပြီး ၂၀၀၅ ခုနှစ်အတွင်း ဆောင်ရွက်ပြီးစီးသည့် လုပ်ငန်းများနှင့် ရှေ့လုပ်ငန်းစဉ်များကို မြန်မာနိုင်ငံ ကရာတေးဒို အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့က ရှင်းလင်းတင်ပြကြသည်။

ကျေးဇူးတင်စကား

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် အမှုဆောင်များက အကြံပြု ဆွေးနွေးတင်ပြကြပြီး မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားသည်။

ချီးမြှင့်

၂၀၀၅ ခုနှစ် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကရာတေးဒိုပြိုင်ပွဲတွင် ရွှေတံဆိပ်ဆု ရရှိသူအား မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌက ငွေကျပ်သိန်း ၅၀ ချီးမြှင့်မည်ဖြစ်သည်။ (သတင်းစဉ်)

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၄)ရပ်ကွက် လင်းလဲ့ကြယ်စင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲကိုမတ် ၂၀ ရက်က ရပ်ကွက်ရုံး၌ ကျင်းပရာ မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် (၂) ဦးအောင်ဝင်းဦး၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးဝင်း၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်မြင့်အေးနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးမြင့်ဦးတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (က-ပ)

❀ **စင်ကာပူသမ္မတမှ**

တာဝန်ပေးအပ်ခံရပြီး ၁၉၈၇ ခုနှစ်တွင် ဝန်ကြီးအဖြစ် အတည်ပြုခန့်အပ်ခံရပါသည်။ တစ်ချိန်တည်းမှာပင် Second Minister for Defence အဖြစ် ပူးတွဲခန့်အပ်ခံရပါသည်။ ၁၉၉၀ ပြည့်နှစ်တွင် ဒုတိယဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးခံရပြီး ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးအဖြစ် ၁၉၉၂ ခုနှစ်အထိ ဆက်လက်တာဝန်ယူခဲ့ပါသည်။ ဒုတိယဝန်ကြီးချုပ်တာဝန်ထမ်းဆောင်စဉ်အတွင်း ၁၉၉၈ခုနှစ်တွင် စင်ကာပူငွေကြေးဆိုင်ရာ အာဏာပိုင်အဖွဲ့ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ၂၀၀၁ခုနှစ်တွင် ဘဏ္ဍာရေးဝန်ကြီးအဖြစ်လည်းကောင်း ပူးတွဲတာဝန်ထမ်းဆောင်ခဲ့ပါသည်။

၂၀၀၄ခုနှစ် ဩဂုတ် ၁၂ရက်တွင် ဝန်ကြီးချုပ် မစ္စတာဂိုချောက်တောင်ထံမှ ဝန်ကြီးချုပ်တာဝန်ကို လွှဲပြောင်းလက်ခံခဲ့ပါသည်။ ဝန်ကြီးချုပ် မစ္စတာလီရှန်းလုံးသည် ဘဏ္ဍာရေးဝန်ကြီးတာဝန်ကို ပူးတွဲထမ်းဆောင်လျက် ရှိပါသည်။

ဇနီးဖြစ်သူ မဒမ်ဟိုချင်းနှင့် လက်ထပ်ပြီး သားသုံးဦး၊ သမီးတစ်ဦး ရှိပါသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌအား ဂျပန်နိုင်ငံ ဂျေအိုင်စီအေမှ အကြံပေးပုဂ္ဂိုလ်တွေ့ဆုံ

ရန်ကုန် မတ် ၂၉

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌဒေါ်သန်းသန်းနွဲ့အား ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ JICA မှ အကြံပေးပုဂ္ဂိုလ် Ms. Yumiko Tanaka နှင့် JICA Myanmar Office မှ Ms. Takamatsu Kana တို့သည် ယနေ့နံနက် ၁၁နာရီတွင် ရန်ကုန်မြို့ သံလွင်လမ်းရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်၊ စည်းရုံးရေး ဌာန ဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦး၊ အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးလုပ်ငန်းဌာန ဌာနကြီးမှူး ဒေါ်မြင့်မြင့်စိုး၊ တွဲဖက်အထွေထွေ အတွင်းရေးမှူး ဒေါ်ခင်ထားမေ၊ အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေး လုပ်ငန်းဌာန ဒုတိယ ခေါင်းဆောင် ပါမောက္ခ ဒေါ်မြင့်ကြည်၊ပညာရေးလုပ်ငန်းအဖွဲ့ခွဲ ခေါင်းဆောင် ဒေါ်မင်းသက်မွန်တို့ တက်ရောက်ကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချက်များနှင့် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများကို ဆွေးနွေးကြသည်။ (သတင်းစဉ်)

တွေ့ဆုံ

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့အား ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ JICA မှ အကြံပေးပုဂ္ဂိုလ် Ms. Yumiko Tanaka နှင့် JICA Myanmar Office မှ Ms. Takamatsu Kana တို့ ရန်ကုန်မြို့ သံလွင်လမ်းရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံစဉ်။
(သတင်းစဉ်)

Myanmar ASEAN Women's Friendship Association အသင်းက ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)သို့ အလှူငွေကျပ် ၁၀သိန်း ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာရွှေအိုးက လက်ခံယူစဉ်။
(သတင်းစဉ်)

ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)သို့ အလှူငွေ ပေးအပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် မတ် ၂၉

Myanmar ASEAN Women's Friendship Association က ဗဟိုအမျိုးသမီးဆေးရုံကြီး (ရန်ကုန်)သို့ အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲတွင် ဗဟိုအမျိုးသမီးဆေးရုံကြီး (ရန်ကုန်) E ဆောင် ခန်းမ၌ကျင်းပသည်။

အခမ်းအနားသို့ Myanmar ASEAN Women's Friendship Association မှ နာယကအဖွဲ့ဝင်များ ဖြစ်ကြသော အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၏ ဇနီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး Mme Phoebe A. Gomez ဦးဆောင်သော မြန်မာနိုင်ငံရှိ အာဆီယံနိုင်ငံများမှ သံအမတ်ကြီးများ၏ ဇနီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဗဟိုအမျိုးသမီးဆေးရုံကြီး (ရန်ကုန်)မှ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ Myanmar ASEAN Women's Friendship Association ဥက္ကဋ္ဌ ဒေါ်ခင်နှင်းညွန့်က လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ Myanmar ASEAN Women's Friendship Association က အလှူငွေကျပ် ၁၀သိန်းကို ပေးအပ်လှူဒါန်းရာ ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်) ဆေးရုံအုပ်ကြီး ဒေါက်တာရွှေအိုးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

မကွေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကြည်ထွန်းနှင့် ခရိုင်/မြို့နယ်စိုက်ကြပ်အဖွဲ့များ မတ် ၁၄ရက်က တောင်တွင်းကြီးမြို့နယ် ကန်တော်ကြီး ဆည်ရေသောက်လယ်ကွင်းတွင် နွေစပါးစိုက်ပျိုးပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (ခရိုင် ပြန်/ဆက်)

တူရကီနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးဦးစိုးမြင့် တူရကီသမ္မတထံ ခန့်အပ်လွှာပေးအပ်

ရန်ကုန် မတ် ၃၀

တူရကီသမ္မတ နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးစိုးမြင့်သည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၀၅ခုနှစ် မတ် ၁၆ရက်တွင် အင်ကာရာမြို့၌ တူရကီသမ္မတနိုင်ငံ သမ္မတ အာမက်၊နက်(ဒ်)ဒက်၊စီဇာ ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။
(သတင်းစဉ်)

အောင်စကြာရိပ်သာ သင်္ကြန်တရားစခန်းပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၉

သာကေတမြို့နယ် အောင်စကြာ မိုးကုတ်ရိပ်သာကြီး၌ သင်္ကြန်တွင်း ၁၀ရက်အထူးတရားစခန်းပွဲကို ဧပြီ ၈ ရက်မှဧပြီ ၁၇ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ စခန်းပွဲအတွင်း အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲ၊ ဖျော်ရည် လှူဒါန်းလိုသော စေတနာရှင်များသည် ဖုန်း-၅၄၇၀၂၈သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် သဃ်န်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက် ပညာရောင်ခြည် စာကြည့်တိုက်ဖွင့်ပွဲကို မတ် ၂၇ရက်က ရပ်ကွက်ရုံး၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစောသိန်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညွန့်လှိုင်နှင့် စာရေးဆရာ လယ်တွင်းသားစောချစ်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၅၀၆)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့

၂၀၀၅ခုနှစ်၊ မတ်လ (၂၉)ရက်နေ့ထိ နိုင်ငံအဝန်းတွင်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၁၄၅၄၁)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

အကျဉ်းသားများအပေါ် အမေရိကန်တို့ လူ့အခွင့်အရေး ဆိုးဆိုးရွားရွားချိုးဖောက်မှု ဗြိတိန်ပါလီမန် နိုင်ငံခြားရေးရာကော်မတီ အစီရင်ခံစာ၌ဖော်ပြ

လန်ဒန် မတ် ၂၈

အမေရိကန်နိုင်ငံသည် ဂွမ်တာနာမိုဘေး၊ အာဖဂန်နစ္စတန်နှင့် အီရတ်တို့၌ အကျဉ်းသားများအပေါ် လူ့အခွင့်အရေးများ ဆိုးဆိုးရွားရွား ချိုးဖောက်ကျူးလွန်ထားကြောင်းဖြင့် ဗြိတိန်ပါလီမန် နိုင်ငံခြားရေးရာ ကော်မတီအစီရင်ခံစာတွင် သောကြာနေ့က ဖော်ပြထားသည်။

ဗြိတိန်ပါလီမန် နိုင်ငံခြားရေးရာ ကော်မတီက သြဇာတိက္ကမကြီးသော ယင်း၏ လူ့အခွင့်အရေးဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာ၌ အထက်ပါအတိုင်း ဖော်ပြလိုက်ခြင်းဖြစ်သည်။

ထိန်းသိမ်းထားသော အကျဉ်းသား များအပေါ် ထိုသို့ပြုမူဆက်ဆံခြင်းမှာ လက်ခံနိုင်စရာ မဟုတ်ကြောင်းကို ဗြိတိန်အစိုးရအနေဖြင့် အမေရိကန်အစိုးရအား အလွတ်သဘောရော၊ လူသိရှင်ကြားပါ အသိပေးပြောကြားရန်လည်း ဗြိတိန်ပါလီမန် နိုင်ငံခြားရေးရာကော်မတီက တိုက်တွန်းထားသည်။ ဂွမ်တာနာမိုအကျဉ်းစခန်း၏ အခြေ အနေနှင့် အကျဉ်းသားများအား မေးမြန်းစစ်ဆေးနည်းများကို လူ့အခွင့်အရေး အုပ်စုများက ဝေဖန်ပြစ်တင်ထားသည်။

အီရတ်စစ်ပွဲ စတင်ကတည်းက အကျဉ်းသားများအား ထိုသို့မတရားညှဉ်းပန်းနှိပ်စက်မှုများ နောက်နောင်မဖြစ်စေရန် ဗြိတိန်တပ်ဖွဲ့ဝင်များအား ပိုမိုကောင်းမွန်စွာ လေ့ကျင့်ပေးရန်လည်း ကော်မတီက တိုက်တွန်းထားသည်။

ဗြိတိန်တပ်ဖွဲ့ဝင်လေးဦးမှာ လွန်ခဲ့သည့်လကပင် အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်မှုဖြင့် တရားစွဲဆိုခံခဲ့ရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

မလေးရှားနိုင်ငံ မြို့တော် ကွာလာလမ်ပူမှ တရုတ်နိုင်ငံ စီအန်မြို့သို့ စတင်ပျံသန်းမည့် မလေးရှား လေကြောင်းဌာနပိုင် ခရီးသည်တင် လေယာဉ်တစ်စင်းပေါ်သို့ ခရီးသည်များ တက်ရောက်နေသည်ကို မတ် ၂၇ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အိန္ဒိယတောင်ပိုင်းတွင် ဘိန်းစိုက်ခင်းများ ဖျက်ဆီး မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်း မြှင့်တင်

နယူးဒေလီ မတ် ၂၈

အိန္ဒိယနိုင်ငံတောင်ပိုင်း ကာနာတာကာပြည်နယ်တစ်ဝန်းတွင် တရားမဝင်စိုက်ပျိုးထားသော ဘိန်းစိုက်ခင်းများကို ဒေသဆိုင်ရာအာဏာပိုင်များက ဖျက်ဆီးလျက်ရှိကြောင်း၊ လွန်ခဲ့သည့် နှစ်လတာကာလတွင် ဒေါ်လာသန်း ၁၅၀ တန်ဖိုးရှိ ဘိန်းစိုက်ခင်းများကို ဖျက်ဆီးခဲ့ကြောင်း တာဝန်ရှိသူများက စနေနေ့တွင် ပြောကြားသည်။

အိန္ဒိယနိုင်ငံ တောင်ပိုင်းတွင် တရားမဝင်စိုက်ပျိုးထားသည့် ဘိန်းစိုက်ခင်းများ ကျယ်ကျယ်ပြန့်ပြန့်ရှိနေကြောင်း၊ ဘိန်းစိုက်ပျိုးခြင်းဖြင့် ငွေကြေးမြက်မြက်ရရှိနိုင်သဖြင့် ဘိန်းပင်များကို စိုက်ပျိုးကြခြင်းဖြစ်ကြောင်း၊ ဘိန်းပင်သည် စိုက်ပျိုးရမှုကာလ တိုတောင်းပြီး ရက် ၉၀ အတွင်း ရိတ်သိမ်းနိုင်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဖျက်ဆီး

သို့ရာတွင် ကာနာတာကာပြည်နယ် ရဲတပ်ဖွဲ့က ဘိန်းခင်းများကို ဖျက်ဆီးမှုများ ပြုလုပ်လျက်ရှိရာ ဘိန်းစိုက်ပျိုးတောင်သူများမှာ စိုးရိမ်ထိတ်လန့်မှုများ ဖြစ်ပေါ်နေကြောင်း ဘင်္ဂလိုမြို့မှ ၆၂ မိုင်အကွာ ကိုလာမြို့မှ တောင်သူတစ်ဦးက ပြောကြားသည်။

ပေးလျော်

အိန္ဒိယနိုင်ငံတွင် အစိုးရက မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းကို မြှင့်တင်အားပေးလျက်ရှိပြီး တရားဥပဒေအရ အရေးယူမှုများကို ပိုမိုပြုလုပ်လျက်ရှိသည်။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေနိုင်သော ဆေးဝါးများအက်ဥပဒေအရ ပြစ်မှုထင်ရှားတွေ့ရှိရပါက အနည်းဆုံးထောင်ဒဏ် ၁၀ နှစ်နှင့် ဒဏ်ငွေ ဒေါ်လာ ၂၂၀၀ ထက်မနည်း ပေးလျော်ရမည်ဖြစ်သည်။

ဘိန်းပင်စိုက်ပျိုးသည့် တောင်သူများသည် မူးယစ်ဆေးဝါး ကုန်သည်များ၏ အမြတ်ထုတ်မှုကို တွေ့ကြုံနေရကြောင်း လယ်ယာစိုက်ပျိုးရေးဝန်ကြီး ဆရီနိဗက်စ်ဂိုဒါက ပြောကြားသည်။

ဘိန်းစိုက်တောင်သူ အများစုသည် ဘိန်းပင်စိုက်ပျိုးမှုကို အစိုးရက ပိတ်ပင်တားမြစ်ထားသည်ဆိုသော အချက်ကို မသိရှိရကြောင်း၊ ယခုအခါတွင် ဘိန်းစိုက်ပျိုးမှုမပြုလုပ်ရန် တောင်သူများကို အစိုးရက အသိပေးလျက်ရှိကြောင်း၊ ဘိန်းစိုက်ပျိုးမှုကို မတ် ၃၁ ရက်နောက်ဆုံးထား၍ စွန့်လွှတ်ရန် နှိုးဆော်ထားပြီး ယင်းကာလကျော်လွန်ပါက အရေးယူသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ***အင်တာနက်။***

အရောင်းသွက်

ဈေးကွက်တွင် အရောင်းသွက်နေသော တရုတ်နိုင်ငံလုပ် လက်ကိုင်ဖုန်းကို သရုပ်ပြနေသည့် ဝန်ထမ်းတစ်ဦးနှင့်အတူ မတ် ၂၇ရက်က တွေ့ရစဉ်။

[တရုတ်နိုင်ငံသည် လက်ကိုင်ဖုန်းများ ရောင်းချရမှုကြောင့် ၂၀၀၅ ခုနှစ်တွင် အမြတ်ငွေ အမေရိကန်ဒေါ်လာ ၅ဒသမ၁ ဘီလီယံရရှိမည်ဟု မှန်းဆထားသည်။]
(ဓာတ်ပုံ-အင်တာနက်)

(၂၉)ကြိမ်မြောက် ဟောင်ကောင် ရုပ်ရှင်ပွဲတော်ဖွင့်လှစ်

ဟောင်ကောင် မတ် ၂၈

ဟောင်ကောင် ယဉ်ကျေးမှုဗဟိုအဖွဲ့က (၂၉)ကြိမ်မြောက် ဟောင်ကောင် အပြည်ပြည်ဆိုင်ရာ ရုပ်ရှင်ပွဲတော် (အိချ်ကေအိုင်အက်ဖ်အက်ဖ်)ကို အင်္ဂါနေ့က ကျင်းပခဲ့သည်။

အဆိုပါရုပ်ရှင်ပွဲတော်သို့ ရုပ်ရှင်ထုတ်လုပ်သူများနှင့် ဂျက်ကီချမ်း၊ ဒါနီရယ် စသည့် အနုပညာရှင်များ တက်ရောက်ခဲ့ကြသည်။

ထို့အပြင် အဆိုပါရုပ်ရှင်ပွဲတော်ကို အောင်မြင်စွာ ကျင်းပနိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း အတွေ့အကြုံများလည်းရမည်ဖြစ်ကြောင်း ဟောင်ကောင်ပြည်ထဲရေးဌာနမှ ပက်ထရစ်ဟိုက ပြောကြားသည်။

ထိုရုပ်ရှင်ပွဲတော်တွင် ယခုနှစ်၌ ဒေသဆိုင်ရာ နိုင်ငံပေါင်း ၄၁ နိုင်ငံတို့မှ ရုပ်ရှင်ကားပေါင်း ၂၄၀ တို့ဖြင့် ပါဝင်ဆင်နွှဲကြမည်ဖြစ်သည်။ ရုပ်ရှင်ပွဲတော်ကို ၁၆ ရက်တိုင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ယင်းရုပ်ရှင်ပွဲတော်ကို တရုတ်ပြည်မမှ ထုတ်လုပ်သော "ဥဒေါင်း" ရုပ်ရှင်ကားဖြင့် ဖွင့်လှစ်ပြသမည် ဖြစ်သည်။ ၎င်းအပြင် ဂျပန်နိုင်ငံမှ ထုတ်လုပ်သော "လျှို့ဝှက်ဓားသွား"နှင့် ဟောင်ကောင်မှ ထုတ်လုပ်သော "ဒေါသစံအိမ်" ရုပ်ရှင်ဇာတ်ကားတို့ကိုလည်း အသီးသီးပြသသွားမည်ဖြစ်သည်။

အဆိုပါရုပ်ရှင်ပွဲတော်သည် တရုတ်ရုပ်ရှင် အနှစ် ၁၀၀ ပြည့်နှစ် အထိမ်းအမှတ်နှင့် တိုက်ဆိုင်သည့်အတွက် ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြန်လည်ဆန်းသစ်ကူးယူထားသော တရုတ်အတ္ထုပ္ပတ္တိဇာတ်ကားကိုလည်း ပါဝင်ပြသမည်ဖြစ်သည်။ ထိုဇာတ်ကားအမည်မှာ ရန်-လင်ဂူဖြစ်ပြီး မာဂီချောင် ပါဝင်သရုပ်ဆောင်ထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကမ္ဘာပေါ်တွင် ဟောင်ကောင်လေဆိပ် အကောင်းဆုံး

ဂျီနီဗာ မတ် ၂၈

အာရှတိုက်ရှိ လေဆိပ်များကို နိုင်ငံတကာ ခရီးသည်များက ကမ္ဘာ့အကောင်းဆုံး လေဆိပ်များအဖြစ် သတ်မှတ်ရာတွင် ဟောင်ကောင်လေဆိပ်က ပထမ၊ ဆိုးလ်ရှိ အင်ချွန်လေဆိပ်က ဒုတိယနှင့် စင်ကာပူရှိ ချန်ဂီးလ်လေဆိပ်က တတိယအသီးသီးရရှိကြောင်း ဗုဒ္ဓဟူးနေ့တွင် ထုတ်ပြန်သော လေကြောင်းပို့ဆောင်ရေးလုပ်ငန်း သုံးသပ်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

အမေရိကတိုက်များတွင် ကနေဒါရှိ ဟာလီဖက်စ်လေဆိပ်က ပထမ၊ မင်နီပေါလစ်လေဆိပ်က ဒုတိယနှင့် ဆန်ဒီဂိုလေဆိပ်က တတိယ အသီးသီးရရှိကြသည်။ ဥရောပတိုက်တွင် ခရီးသည်များ အကြိုက်ဆုံး လေဆိပ်များမှာ ကိုပင်ဟေဂင်၊ ဟယ်လ်ဆင်ကီးနှင့် အေသင်လေဆိပ်သစ်တို့ ဖြစ်ကြသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ရန်ကုန်ဈေးတက်၍ ဂျပန်ပို့ကုန်လုပ်ငန်း ထိခိုက်

တိုကျို မတ် ၂၈

ပြည်ပပို့ကုန်လုပ်ငန်းသည် ဂျပန်နိုင်ငံစီးပွားရေးအတွက် အရေးပါသောနေရာမှ ပါဝင်သည်။ ယခုအခါ ဂျပန်ပို့ကုန်လုပ်ငန်းသည် ယခင်အခါကနှင့် နှိုင်းစာလျှင် အနည်းငယ်ကျဆင်းလျက်ရှိကြောင်း လေ့လာစိစစ်မှုများအရ သိရသည်ဟု ဆိုသည်။

ဈေးနှုန်းတက်

ဂျပန်ပို့ကုန်တင်ပို့မှုသည် ဖေဖော်ဝါရီလတွင်လည်း ကျဆင်းခဲ့ကြောင်း တွေ့ရသည်။ ထိုကျဆင်းမှုသည် ဒုတိယလအဖြစ် ပို့ကုန်ဆက်လက်ကျဆင်းနေခြင်းပင်ဖြစ်သည်။ ထိုသို့ဖြစ်ရခြင်းမှာ လောင်စာရေနံဈေးနှုန်းတက်လာခြင်းကြောင့် ဖြစ်ရသည်ဟု စီးပွားရေး ကျွမ်းကျင်သူများက အကြောင်းပြချက်ပေးကြသည်။

ကျဆင်း

တစ်ချိန်တည်းမှာပင် ပြည်ပကုန်သွယ်ရေးပိုငွေမှာလည်း ကျဆင်းလာသည်ကို တွေ့ရသည်။ ဖေဖော်ဝါရီတွင် ဂျပန်၏ ကုန်သွယ်ရေးပိုငွေမှာ ယခင်ကထက် ၂၁ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းသွားပြီး ပိုငွေမှာ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၃၆ ဘီလီယံသာ ရှိတော့သည်။ ဖေဖော်ဝါရီလတွင် ကုန်သွယ်ရေးပိုငွေ ကျဆင်းသွားသည် ဆိုသော်လည်း ဇန်နဝါရီလအခြေအနေနှင့် နှိုင်းစာလျှင် များစွာခံသာသည်ဟု ဆိုရမည်ဖြစ်သည်။ ဇန်နဝါရီလတွင် ပိုငွေကျဆင်းမှုမှာ ၆၀ ရာခိုင်နှုန်းအထိ ရှိခဲ့သည်။

တိုးတက်လာ

ဂျပန်နိုင်ငံ၏ ဖေဖော်ဝါရီလ တင်ပို့မှုကို တန်ဖိုးပမာဏအရ လေ့လာမည်ဆိုလျှင် တန်ဖိုးအရ တွက်ချက်ပါက ယခင်နှစ်ကထက် ၁ ဒသမ ၇ ရာခိုင်နှုန်း ပိုမိုတိုးတက်လာသည်။ ယင်းသို့ဖြစ်ရခြင်းမှာ မော်တော်ယာဉ်နှင့် သံမဏိတင်ပို့မှုများ တိုးတက်လာ၍ ဖြစ်သည်ဟု ဆိုသည်။

ထိုပစ္စည်းများ တင်ပို့ရမှုသည်လည်း ယခင်နှစ်က ဂဏန်းနှစ်လုံးနှုန်းဖြင့် တိုးတက်ခဲ့ရာမှ အခုအခါ ခုဂဏန်းဖြင့်သာ တိုးတက်သည့်အခြေအနေသို့ ရောက်ရှိသွားသည်။

လျော့နည်း

ဂျပန်ပို့ကုန်ကို တန်ဖိုးအရမကြည့်ဘဲ ပမာဏအရ ကြည့်မည်ဆိုလျှင် ယခင်နှစ်ကထက် ၄ ဒသမ ၃ ရာခိုင်နှုန်းကျဆင်းသွားသည်ကို တွေ့ရမည်ဖြစ်၏။

ဥရောပသို့ ပို့ကုန်ပမာဏ ၆ ဒသမ ၇ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး အာရှနိုင်ငံများသို့ ပို့ကုန်ပမာဏမှာ ၃ ဒသမ ၆ ရာခိုင်နှုန်း လျော့နည်းသွားသည်။ ***အင်တာနက်။***

မလက္ကာရေလက်ကြား ပင်လယ်ဓားပြသောင်းကျန်းမှု အာရှနိုင်ငံများ ပူးပေါင်းတားဆီးရန် ဂျပန်လိုလား

တိုကျို မတ် ၂၈

ပင်လယ်ဓားပြတိုက်မှုများ ဟန့်တားရန် မလက္ကာရေလက်ကြားကို ဖြတ်သည့် ရေကြောင်းလမ်းတစ်လျှောက်ရှိ အာရှနိုင်ငံများအနေဖြင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းရန် ဂျပန်ဝန်ကြီးချုပ် ကိုအိဇုမိက အင်္ဂါနေ့တွင် တိုက်တွန်း ပြောကြားလိုက်သည်။

သင်္ဘောကုမ္ပဏီများက ပင်လယ်ဓားပြရန် ကာကွယ်ရန် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ဆောင်ရွက်နေသည့်ကြားမှပင် မကြာခဏ ပင်လယ်ဓားပြတိုက်မှုများ ကြုံတွေ့နေကြောင်းဖြင့်လည်း တိုကျိုမြို့၌ကျင်းပသည့် သတင်းစာ ရှင်းလင်းပွဲတွင် ကိုအိဇုမိက ပြောကြားသည်။ ပင်လယ်ဓားပြများ၏ နောက်ထပ်တိုက်ခိုက်မည့်အန္တရာယ်ကို ကာကွယ်တားဆီးသင့်ကြောင်းဖြင့်လည်း ဂျပန်ဝန်ကြီးချုပ်က ပြောကြားလိုက်သည်။

ဂျပန်ဆွဲသင်္ဘောတစ်စင်းမှ သင်္ဘောသားသုံးဦးကို မလက္ကာရေလက်ကြားတွင် လွန်ခဲ့သည့်ရက်သတ္တပတ်က ပင်လယ်ဓားပြတို့က ပြန်ပေးဆွဲခေါ်ဆောင်သွားသည်။ သင်္ဘောပိုင်ရှင်များနှင့် ပင်လယ်ဓားပြများ ကျိတ်ပြီး အပေးအယူလုပ်ပြီးနောက် ထိုသင်္ဘောသားသုံးဦးတို့ ပြန်လွတ်လာကြသည်။ ဓားစာခံသင်္ဘောသားများ လွတ်မြောက်ရေးအတွက် ဆွဲသင်္ဘောပိုင်ရှင်များနှင့် ပင်လယ်ဓားပြများ ညှိနှိုင်းရယူရသည်ဆိုသောကိစ္စတွင် ဂျပန်အစိုးရ လုံးဝမပါကြောင်း ကိုအိဇုမိက ငြင်းဆိုလိုက်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

စီအိုင်အေ၏ အစီရင်ခံစာအပေါ် မက္ကဆီကို မကျေနပ် အမေရိကန်အစိုးရထံ ကန့်ကွက်စာပေးပို့

မက္ကဆီကိုစီတီး မတ် ၂၈

အမေရိကန် ဗဟိုထောက်လှမ်းရေးအေဂျင်စီ (စီအိုင်အေ)၏ အစီရင်ခံစာနှင့်ပတ်သက်၍ မကျေနပ်သည့်အတွက် အမေရိကန်အစိုးရထံသို့ မက္ကဆီကိုပြည်ထဲရေးဝန်ကြီး စင်တီယာဂိုခရီးလ်က မတ် ၂၄ ရက်တွင် ကန့်ကွက်စာတစ်စောင် ပေးပို့လိုက်သည်။

စီအိုင်အေ အဖွဲ့၏ အစီရင်ခံစာတွင် မက္ကဆီကိုနိုင်ငံ၌ မငြိမ်မသက်မှုများ ပေါ်ပေါက်လာနိုင်ကြောင်း ခန့်မှန်းထားသည့် သတိပေးချက်များပါရှိသည်။ ထိုကိစ္စနှင့် ပတ်သက်သည့် မက္ကဆီကိုပြည်ထဲရေးဝန်ကြီး၏ ကန့်ကွက်စာကို အမေရိကန် ပြည်တွင်းလုံခြုံရေးဌာနဝန်ကြီး မိုက်ကယ်ချားတော့ဖ်ထံသို့ ပေးပို့ခဲ့ခြင်းဖြစ်သည်။ ယင်းကန့်ကွက်စာတွင်မကျေနပ်ချက်များကိုတစ်ချက်ချင်း ထောက်၍ ကန့်ကွက်ထားကြောင်း မက္ကဆီကိုပြည်ထဲရေးဝန်ကြီး ခရီးလ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသွားသည်။

အဆိုပါ ကန့်ကွက်စာတွင် စီအိုင်အေ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဖော်ပြရာ၌ အချို့အမေရိကန်အရာရှိများ၏ စကားအသုံးအနှုန်းများကို မက္ကဆီကိုအစိုးရကွန်ဂရက်နှင့် နိုင်ငံရေးပါတီများကပါ သဘောမတွေ့ဘဲ စိတ်ပျက်ကြရသည်ဟု ဖော်ပြထားသည်။

စီအိုင်အေ ထောက်လှမ်းရေးအဖွဲ့၏ ဒါရိုက်တာ ပေါတာဂရော့စ်က မက္ကဆီကိုနိုင်ငံနှင့်ပတ်သက်၍ သုံးနှုန်းရာ၌ မက္ကဆီကိုနိုင်ငံကို အမေရိကန်နိုင်ငံ၏ အိမ်နောက်ဖေးခြံဝိုင်းဟု သုံးနှုန်းသွားသော အသုံးအနှုန်းကိုလည်း မကျေမနပ်ဖြစ်ကြရကြောင်း ခရီးလ်က ထည့်သွင်း ပြောကြားသွားသည်။

မက္ကဆီကိုတွင် နယ်စပ်ဒေသများ လုံခြုံမှုမရှိခြင်းနှင့် နိုင်ငံရေးအရ တည်ငြိမ်မှုမရှိခြင်းသည် အမေရိကန်နိုင်ငံ၏ အမျိုးသားလုံခြုံရေးကိုပါ ထိပါးလာစရာရှိသည်။ အမေရိကန်ကို ခြိမ်းခြောက်နေသည်ဟု စီအိုင်အေ အစီရင်ခံစာတွင် ဖော်ပြပါရှိသည်။

မြောက်အမေရိကတိုက်ရှိ အိမ်နီးချင်းနိုင်ငံများဖြစ်ကြသော အမေရိကန်နိုင်ငံနှင့် မက္ကဆီကိုနိုင်ငံတို့သည် နယ်စပ်ကိုဖြတ်ကျော်၍ လူများဝင်ရောက်သည့်အတွက် ပေါ်ပေါက်လာရသော လူဝင်မှုကြီးကြပ်ရေးပြဿနာ၊ ကုန်သွယ်ရေးပြဿနာနှင့် အီရတ်စစ်ပွဲ ပြဿနာများနှင့်ပတ်သက်၍ မူလကတည်းကပင် ဆက်ဆံရေး တင်းမာလျက်ရှိကြသည်။ မကြာသေးမီအချိန်များအတွင်း ဝါရှင်တန်က မက္ကဆီကိုနှင့် ပတ်သက်၍ အစီရင်ခံစာအမျိုးမျိုး ထွက်ပေါ်လာပြီးနောက် မက္ကဆီကိုနှင့်အမေရိကန် နှစ်နိုင်ငံဆက်ဆံရေးသည် ပို၍ဆိုးရွားလာခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်နိုင်ငံ ရာမာဒီမြို့တွင် ကားဗုံးပေါက်ကွဲမှုကြောင့် မော်တော်ယာဉ်များ ပျက်စီးနေသည်ကို မတ် ၂၆ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

နိုင်ငံတကာသတင်းများ

ရေနံနှင့် စားနပ်ရိက္ခာ လဲလှယ်ရေး အစီအစဉ်ကို လက်နက်သဖွယ်အသုံးပြု ကန်နိုင်ငံရေးသမားများက ကုလသမဂ္ဂကို တိုက်ခိုက်နေ

ရောမ မတ် ၂၈

အမေရိကန်မှ လက်ယာစွန်းနိုင်ငံရေးသမားများက ကုလသမဂ္ဂ ရေနံနှင့် စားနပ်ရိက္ခာလဲလှယ်ရေးအစီအစဉ် အရှုပ်တော်ပုံအား လက်နက်သဖွယ်အသုံးပြု၍ ကုလသမဂ္ဂအား တိုက်ခိုက်နေကြောင်း၊ အတွင်းရေးမှူးချုပ် ကိုဖီအာနန် အနေဖြင့် ၎င်း၏ရာထူးမှ မနုတ်ထွက်သင့်ကြောင်း ယခင်က ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်အဖြစ် ဆောင်ရွက်သွားသူ ဘူထရို့စ်ဂါလီက ပြောကြားသည်။

၁၉၉၂ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ ကုလသမဂ္ဂအကြီးအကဲအဖြစ် တာဝန်ယူခဲ့သည့် ဘူထရို့စ်ဂါလီက အမေရိကန် ဒေါ်လာ ၆၇ ဘီလီယံတန်ဖိုးရှိ ရေနံနှင့် စားနပ်ရိက္ခာအစီအစဉ်ဆိုင်ရာ ဝေဖန်ပြောကြားမှုများအား အလေးမစိုက်ခဲ့ပေ။

အီရတ်နိုင်ငံအပေါ် ကုလသမဂ္ဂက အရေးယူကန့်သတ်မှု ပြုလုပ်ခဲ့ရာတွင် အီရတ်ပြည်သူလူထု ထိခိုက်နစ်နာမှု သက်သာစေရန်အတွက် ယင်းအစီအစဉ်အရ အီရတ် ရေနံရောင်းချငွေမှ ပြည်သူများအတွက် စားနပ်ရိက္ခာ ဝယ်ယူရန် ကုလသမဂ္ဂက ခွင့်ပြုခဲ့ခြင်း ဖြစ်သည်။

အမေရိကန်မှ လက်ယာအုပ်စုနိုင်ငံရေးသမားများက ယင်းအစီအစဉ် အရှုပ်တော်ပုံကို လက်နက်သဖွယ် အသုံးပြုကာ ကုလသမဂ္ဂအား တိုက်ခိုက်ခဲ့ကြောင်း၊ ကြီးရာကျပန်း အရှုပ်တော်ပုံအဖြစ် ဖန်တီးမှုသာဖြစ်ကြောင်း၊ လူတိုင်းအတွက် အမြင်ရှင်းပြီးဖြစ်ကြောင်း စသည်ဖြင့် အီတလီမှ ရီပတ်ဘလစ်ကာ သတင်းစာက ဂါလီ၏ပြောကြားချက်ကို ဖော်ပြခဲ့သည်။

ယင်းရေနံနှင့် စားနပ်ရိက္ခာ အစီအစဉ် ညွှန်ကြားရေးမှူး ဟောင်းဆီဗန်သည် ဘူထရို့စ်ဂါလီ၏ ညီဝမ်းကွဲတော်သူအား ရေနံရောင်းရငွေ ခွဲပေးရာတွင် ကြိုးကိုင်သည်ဟု အစွပ်အစွဲခံထားရသည်။ ဂါလီ၏ညီသည် ရောင်းဝယ်ရေးကုမ္ပဏီတစ်ခု ပိုင်ဆိုင်ထားပြီး ယင်းအစီအစဉ်မှ ဒေါ်လာ ၁ ဒသမ ၅ သန်းရရှိခဲ့သည်။

ယင်းအစီအစဉ်ကို ၁၉၉၆ ခုနှစ် ဒီဇင်ဘာ ၅ ရက်က အတည်ပြုခဲ့ကြောင်း၊ ဒီဇင်ဘာ ၂၂ ရက်တွင် မိမိ ကုလမသဂ္ဂ အကြီးအကဲအဖြစ်မှ အနားယူခဲ့ကြောင်း၊ ကိုဖီအာနန်အား ယင်းကိစ္စနှင့်ပတ်သက်၍ စွပ်စွဲကြပြန်ကြောင်း၊ ကိုဖီအာနန်၏ သားတစ်ဦးသည် အနောက်အာဖရိက ကုမ္ပဏီတစ်ခုတွင် လုပ်ကိုင်နေပြီး ရေနံနှင့် စားနပ်ရိက္ခာအစီအစဉ်မှ ဒေါ်လာ သန်းချီ၍ ကုန်ပစ္စည်းများဝယ်ယူရန် ကန်ထရိုက်ရခဲ့ကြောင်း စသည်ဖြင့် ဂါလီက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ကန်တပ်ဖွဲ့ဝင်တစ်ဦး အန်ဘာပြည်နယ်တွင် သေဆုံး

ဘဂ္ဂဒက် မတ် ၂၈

အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးသည် မငြိမ်မသက်ဖြစ်နေသော အီရတ်နိုင်ငံ အန်ဘာပြည်နယ်၌ တာဝန်ထမ်းဆောင်နေစဉ် သောကြာနေ့တွင် သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာများက စနေနေ့တွင် ပြောကြားသည်။

အန်ဘာပြည်နယ်သည် ရာမာဒီမြို့နှင့် ဖော်လူဂျာမြို့တို့ ပါဝင်သောဒေသဖြစ်ပြီး အခင်းဖြစ်ပွားခဲ့သော အခြေအနေများ၏ အသေးစိတ်ကို အမေရိကန်တပ်ဖွဲ့များက ထပ်မံဖော်ပြခြင်း မရှိပေသည်။

လွန်ခဲ့သော နှစ်နှစ်ကာလတွင် အမေရိကန်တို့က အီရတ်နိုင်ငံကို ကျူးကျော်ဝင်ရောက်ပြီးနောက် ထိုနိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် စစ်ဘက်ဆိုင်ရာများ သေဆုံးမှုဦးရေသည် အနည်းဆုံး ၁၅၂၁ ဦးရှိသွားပြီ ဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

အသေခံကားဗုံးဖောက်ခွဲမှုကြောင့် အီရတ် အထူးတပ်ဖွဲ့ဝင် ၁၁ ဦး သေဆုံး

ဘဂ္ဂဒက် မတ် ၂၈

အသေခံ ကားဗုံးဖောက်ခွဲသူတစ်ဦးက ၎င်း၏ မော်တော်ယာဉ်ကို ရာမာဒီမြို့မှ စစ်ဆေးရေးဂိတ်တွင် ကြာသပတေးနေ့က ဗုံးဖောက်ခွဲခဲ့ရာ အီရတ်အထူးတပ်ဖွဲ့ဝင် ၁၁ ဦး သေဆုံးပြီး ရဲကိုးဦး၊ အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦးနှင့် အရပ်သားသုံးဦးတို့ ထိခိုက် ဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန် စစ်ဘက်က သောကြာနေ့တွင် ပြောကြားသည်။

ဗုံးဖောက်ခွဲ

အသေခံဗုံးဖောက်ခွဲသူက ဘဂ္ဂဒက်မြို့တော် အနောက်ဘက် ၆၈ မိုင်အကွာ ရာမာဒီမြို့ရှိ စစ်ဆေးရေးဂိတ်တွင် ည ၇ နာရီက အသေခံဗုံးဖောက်ခွဲခြင်းဖြစ်ကြောင်း အမေရိကန်နှင့် အမှတ်(၂) မရိန်းတပ်မက ပြောကြားသည်။

ရာမာဒီမြို့ကို ပြောက်ကျားများက မကြာခဏ တိုက်ခိုက်ခဲ့ရာ ၎င်းတို့အားနှိမ်နင်းရန် ကြိုးပမ်းသည့်အနေဖြင့် ရာမာဒီမြို့အဝင်တွင် စစ်ဆေးရေးဂိတ်များကို လွန်ခဲ့သည့်လက ဖွင့်လှစ်ခဲ့သည်။

တိုက်ခိုက်

၎င်းအကြမ်းဖက် ပြောက်ကျားများ၏ တိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် မရိန်းတပ်ဖွဲ့ဝင်များ၏ မစ်ရှင်လုပ်ငန်း တာဝန်များကို ဟန့်တားနိုင်မည် မဟုတ်ကြောင်း အမှတ်(၂) မရိန်းတပ်မ ဒုတိယတပ်မှူး ဗိုလ်မှူးချုပ် မက်မီနာမင်က ပြောကြားသည်။

ယင်းတိုက်ခိုက်မှုသည် အီရတ်ပြည်သူများအား ကာကွယ်စောင့်ရှောက်ရန် သစ္စာပြုထားသည့် အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များကို တိုက်ခိုက်မှုဖြစ်သည်ဟု ၎င်းက ပြောကြားသည်။

အသေခံ ကားဗုံးဖောက်ခွဲသူများက လွန်ခဲ့သည့်လ အနည်းငယ်အတွင်း အမေရိကန်နှင့် အီရတ်တပ်ဖွဲ့များ တာဝန်ယူ ဆောင်ရွက်သော စစ်ဆေးရေးဂိတ်များကို ပစ်မှတ်ထားကာ တိုးမြှင့်တိုက်ခိုက်လျက်ရှိသည်။ ယင်းအချက်က ပြောက်ကျားများက ရဲဌာနများနှင့် စစ်ဘက်ဆိုင်ရာ အခြေစိုက်စခန်းများကို တိုက်ခိုက်ရန် ခက်ခဲမှုရှိလာကြောင်း ပြသမှုဖြစ်သည်ဟု အမေရိကန်တပ်မှူးများက ပြောကြားကြသည်။

အမ်အင်အေ၊ရိုက်တာ။

အာဖဂန်တွင် မိုင်းထိ၍ အမေရိကန်တပ်ဖွဲ့ဝင် လေးဦးသေဆုံး

ကဘူး မတ် ၂၈

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့တောင်ပိုင်းအရပ်တွင် မြေမြှုပ်မိုင်းထိသဖြင့် အမေရိကန်တပ်ဖွဲ့ဝင် လေးဦးသေဆုံးခဲ့ရကြောင်း အမေရိကန်စစ်ဘက်မှ ပြောကြားသည်။ အာဖဂန်နစ္စတန်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့များကို ၂၀၀၁ ခုနှစ်တွင်စ၍ ချထားခဲ့သည်။ ထိုနောက်ပိုင်းမှ ယနေ့ကာလအထိ အာဖဂန်တွင် သေဆုံးရသော အမေရိကန်နိုင်ငံသားနှင့် တပ်ဖွဲ့ဝင် စုစုပေါင်း ၁၀၀ ကျော်သွားပြီဖြစ်သည်။ အများစုမှာ မတော်တဆဖြစ်မှုကြောင့် သေဆုံးရခြင်းဖြစ်သည်ဟု ဆိုသည်။

မတ် ၂၅ ရက်က ဖြစ်ပွားခဲ့သော နောက်ဆုံးမြေမြှုပ်မိုင်း ပေါက်ကွဲမှုတွင် တစ်ရက်တည်း ကန်တပ်ဖွဲ့ဝင် လေးဦးသေဆုံးခဲ့ရသဖြင့် အာဖဂန်ရှိ အမေရိကန်များအတွက် ဒုတိယအဆိုးရွားဆုံး နေ့တစ်နေ့ပင်ဖြစ်သည်။ ပထမအဆိုးရွားဆုံးနေ့မှာ ၂၀၀၄ ခုနှစ် နိုဝင်ဘာလအတွင်းကဖြစ်သည်။ ထိုစဉ်က အဖြစ်အပျက်တွင် တစ်ရက်တည်း အမေရိကန်အရပ်သား သုံးဦးနှင့် တပ်ဖွဲ့ဝင် သုံးဦးသေဆုံးခဲ့ရသည်။ နောက်ဆုံးဖြစ်ပွားသော မိုင်းထိရသည့်ကိစ္စမှာ ကဘူးမြို့တောင်ဘက် ၂၅ မိုင်အကွာရှိ လောဂါပြည်နယ်တွင် မော်တော်ယာဉ်သုံးစီးဖြင့် ကင်းလှည့်နေကြစဉ် မိုင်းဗုံးပေါ်နင်းမိကာ ပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်းပင်ဖြစ်ကြောင်း သိရသည်။ ထိုမိုင်း ပေါက်ကွဲရသည့်ကိစ္စမှာ မိမိတို့လက်ချက်ဖြစ်ကြောင်း တာလီဘန်တို့ကဆိုသော်လည်း ယင်းမိုင်းမှာ မိုင်းဗုံးအဟောင်းဖြစ်သည်။ သို့မဟုတ် မကြာသေးမီကမှ ထောင်ထားသည့် မိုင်းဖြစ်သည်ဆိုသောအချက်ကို သေချာစွာ မသိရကြောင်း စစ်ဘက်ကပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

တရုတ်နိုင်ငံ၏ ခွဲထွက်ရေးတားမြစ်ဥပဒေ ဇင်ဘာဘွေထောက်ခံ

ဟာရာရေး မတ် ၂၈

ဇင်ဘာဘွေအစိုးရသည် တရုတ်နိုင်ငံ၏ ခွဲထွက်ရေး တားမြစ်သည့်ဥပဒေ ပြဋ္ဌာန်းခြင်းကို ထောက်ခံကြောင်း ကြာသပတေးနေ့က ပြောကြားလိုက်သည်။

မတ် ၁၄ ရက်က ပြဋ္ဌာန်းလိုက်သော ဥပဒေသည် ငြိမ်းချမ်းမှုနှင့် ငြိမ်ဝပ်ပိပြားမှုတို့ တိုးမြှင့်ရေးအတွက်လည်းကောင်း၊ တရုတ်နိုင်ငံ၏ ငြိမ်းချမ်းသော ပြန်လည်ပေါင်းစည်း ညီညွတ်မှုတစ်ရပ်အတွက်လည်းကောင်း လမ်းခင်းပေးလိုက်ခြင်းဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။

ဇင်ဘာဘွေ၏ ရပ်တည်ချက်မှာ ထိုင်ဝမ်သည် တရုတ်ပိုင်နက် နယ်မြေ၏ အစိတ်အပိုင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ တရုတ်တစ်နိုင်ငံ စနစ်နှစ်မျိုး မူဝါဒကို ထောက်ခံခြင်းဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ မူလာမြို့ရှိ စစ်ဆေးရေးဂိတ်တွင် လုံခြုံရေး စောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး မတ် ၂၈ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အငြိမ်းစားတို့ စကားဝိုင်း (၇)

ဟိန်းမြင့်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး စိုးဝင်းတို့သည် ၂၄-၂-၂၀၀၅ ရက်နေ့တွင် စစ်ကိုင်းတိုင်း မုံရွာမြို့၌ လည်းကောင်း၊ ၂၆-၂-၂၀၀၅ ရက်နေ့တွင် မန္တလေးတိုင်း မန္တလေးမြို့၌ လည်းကောင်း တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့အသီးသီးမှ အဖွဲ့ဝင်များကို တွေ့ဆုံအမှာစကားပြောကြားခဲ့ပါသည်။ ၅-၃-၂၀၀၅ ရက်နေ့တွင်လည်း နိုင်ငံတော်ဝန်ကြီးချုပ်သည် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ပြည်နယ်၊ တိုင်းအုပ်ချုပ်ရေးမှူးများအားတွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားခဲ့ပါသည်။

တွေ့ဆုံပွဲ အခမ်းအနားများ၌ ဒေသတာဝန်ခံ အဆင့်ဆင့်နှင့် နိုင်ငံ့ဝန်ထမ်းများ ဆိုင်ရာတို့နှင့်ပတ်သက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက-

- **ရည်မှန်းချက်များ ပြည့်မီရေးအတွက် တစ်ဌာနနှင့်တစ်ဌာန ထိထိရောက်ရောက် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်သွားကြရန်နှင့် ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှု ရရှိရန်လိုအပ်ကြောင်း၊**
- **ဌာနဆိုင်ရာ ဝန်ထမ်းများက လုပ်ငန်းတာဝန်များကို ရိုးရိုးသားသား မှန်မှန်ကန်ကန်စေတနာရှိရှိ လုပ်ကိုင်ဆောင်ရွက်သည်နှင့်အမျှ ပြည်သူများ၏ ယုံကြည်အားကိုးမှု တိုးတက်ရရှိလာပြီး အပြန်အလှန်နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာကာ လုပ်ငန်းများလည်း ပိုမိုတိုးတက်အောင်မြင်လာမှာဖြစ်ကြောင်း၊**
- **ဒေသအတွက်၊ ပြည်သူအတွက်၊ နိုင်ငံတော်အတွက် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အကောင်အထည်ဖော်ကြရာ၌ မျိုးချစ်စိတ်ဓာတ် အရင်းခံပြီး ရိုးသားမှန်ကန်စွာ ကြိုးစားလုပ်ကိုင်သွားကြရန်ဖြစ်ကြောင်း**

မှာကြားသွားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းကလည်း-

- **နိုင်ငံ့ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန်အလိုက် မိမိတို့အား အပ်နှံထားသည့် အခွင့်အာဏာများကို အလွဲသုံးစားမလုပ်မိစေဘဲ ဥပဒေနှင့်အညီ ဆောင်ရွက်သွားကြရန်လိုကြောင်း၊**
- **ယနေ့ကာလသည် ခေတ်ပြောင်းစနစ်ပြောင်း အသွင်ကူးပြောင်းနေသော ကာလဖြစ်သည့်အတွက် နိုင်ငံ့ဝန်ထမ်းအားလုံးသည် မှန်ကန်သည့် အတွေးအခေါ်နှင့် လုပ်ငန်းတာဝန်များကို ထက်မြက် သွက်လက်စွာ ပူးပေါင်းလုပ်ဆောင်ကြရမှာဖြစ်ကြောင်း၊**
- **အချို့ဝန်ထမ်းများသည် အားကြိုးမာန်တက် အပင်ပန်းခံ အလုပ်လုပ်ကြသော်လည်း အချို့ကမူ ကြိုးနီစနစ်ဖြင့် ရစ်ပတ်နှောင်ဖွဲ့ပြီး လုပ်ငန်းဆောင်ရွက်ရာ၌ ကြန့်ကြာနေမှုများ၊ တာဝန်ကျေရုံ ဆောင်ရွက်နေခြင်းများရှိနေသည်ကို တွေ့ရှိနေရကြောင်း၊**
- **အချို့က ဌာနစွဲစိတ်များ ရှိနေဆဲဖြစ်ကြောင်း၊**
- **အချို့ဝန်ထမ်းများမှာ အဖြစ်မှန်၊ အခြေအနေမှန်ထက် မိမိ၏ လူကြီးအကြိုက် ပုံစံတကျတင်ပြပြီး "မျှော"လိုက်နေသည်များကိုလည်း တွေ့မြင်နေရကြောင်း၊**
- **အဆိုးဆုံးမှာ လုပ်ပိုင်ခွင့်အာဏာနှင့် ယှဉ်တွဲပြီး ဖြစ်ပေါ်လာတတ်သည့် ပုဂ္ဂိုလ်ဆိုင်ရာ အားနည်းချက်များဖြစ်သော ကိုယ်ကျိုးရှာမှုများ၊ မသမာမှုများ၊ အာဏာအလွဲသုံးစားလုပ်မှုများကို ကျူးလွန်လာသည်အထိ နယ်ကျွံလာသည့်အတွက် နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားအတွက် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူခဲ့ရခြင်းများရှိကြောင်း၊**
- **ဝန်ထမ်းများကိုယ်တိုင်က ဥပဒေစည်းကမ်းများကို နားလည်ရုံသာမက စံနမူနာပြ လေးစားလိုက်နာရန် အထူးလိုအပ်ကြောင်း၊**
- **သာမန်ဝန်ထမ်းစိတ်ဓာတ်ဖြင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးလုပ်ငန်းများကို ထူးထူးခြားခြား အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်မှာ အလွန်ခဲယဉ်းလှကြောင်း** စသည်ဖြင့် မှာကြားသွားခဲ့ပါသည်။

ထို့ပြင် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များနှင့် ပတ်သက်၍လည်း နိုင်ငံတော်ဝန်ကြီးချုပ်က-

- **ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များဖြစ်သည့် ပြည်နယ်/တိုင်း/ခရိုင်/မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ထမ်းဆောင်ရသော လုပ်ငန်းများသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့် နယ်ပယ်စုံနှင့် အကျုံးဝင်နေသဖြင့် အမြင်ကျယ်ရန် လိုအပ်ကြောင်း၊**
- **ထို့ကြောင့် အုပ်ချုပ်ရေးအမြင်သာမက နိုင်ငံရေးအမြင်၊ လုံခြုံရေးအမြင်၊ စီးပွားရေးအမြင်များဖြင့် လုပ်ငန်းများကို သုံးသပ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊**
- **နိုင်ငံတော်အဖွဲ့အစည်းများက မှန်မှန်ကန်ကန်၊ ရိုးရိုးသားသား၊ စည်းကမ်းရှိရှိ အားကြိုးမာန်တက် အလုပ်လုပ်ပြီး ပြည်သူလူထုကလည်း မိမိတို့ထမ်းဆောင်ရမည့် လုပ်ငန်းများကို ကျေကျေပွန်ပွန် စည်းကမ်းရှိရှိ ထမ်းဆောင်ကြမည်ဆိုလျှင် နိုင်ငံတော်ကြီးသည် မလွဲမသွေ တိုးတက်ဖွံ့ဖြိုးလာမှာဖြစ်ကြောင်း။**

စသည်ဖြင့် မှာကြားသွားခဲ့ပါသည်။

ထိုကိစ္စရပ်များနှင့် ပတ်သက်၍ ကျွန်တော်တို့ အငြိမ်းစားများဆုံမိကြချိန်တွင် စကားဝိုင်းဖွဲ့မိကြပါသည်။

"နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနဲ့ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းတို့ မှာကြားချက်များအတိုင်း ဒေသဆိုင်ရာအုပ်ချုပ်ရေး အဖွဲ့အဆင့်ဆင့်နဲ့ ဌာနဆိုင်ရာဝန်ထမ်းတွေ အသိစိတ်ဓာတ်အပြည့်အဝနဲ့ အမှန်တကယ် လိုက်နာလုပ်ဆောင်ကြဖို့လိုမယ်"

"တက်ညီလက်ညီနဲ့ အချင်းချင်း ပူးပေါင်းဆောင်ရွက်ကြမယ်၊ ရိုးသားကြိုးစားပြီး မှန်မှန်ကန်ကန် တက်တက်ကြွကြွနဲ့ စည်းမျဉ်းစည်းကမ်းအတိုင်း စေတနာထား လုပ်ဆောင်ကြမယ်ဆိုရင် ပြည်သူအားလုံးကလည်း ပိုမိုလေးစား ယုံကြည်အားကိုးလာမှာဖြစ်တဲ့အတွက် နိုင်ငံအတွက်၊ ဒေသအတွက် အကျိုးစီးပွားတွေကို ပိုမိုအောင်မြင်စွာ လုပ်ဆောင်နိုင်ကြမှာမလွဲဘူး"

"လူ့သဘာဝအရ အကောင်းနဲ့အဆိုးဆိုတာ နေရာတိုင်းမှာရှိကြမှာပဲ၊ ဆင်းရဲမှုဒဏ်ထက် ချမ်းသာမှုဒဏ်ကိုခံနိုင်ဖို့ ပိုခဲယဉ်းတယ်လို့လည်း ဆိုထားတာရှိတယ် မဟုတ်လား။ ဈေးကွက်စီးပွားရေးစနစ်မှာ ပုဂ္ဂလိက လုပ်ပိုင်ခွင့်တွေများလာတော့ သူတို့ကိုယ်ကျိုးစီးပွားအတွက် အာဏာရှိတဲ့လူတွေ၊ လုပ်ပိုင်ခွင့်ရှိတဲ့ လူတွေထံအပြိုင်အဆိုင် နည်းလမ်းမျိုးစုံနဲ့ ချဉ်းကပ်ကြ၊ အကြိုက်ပေးကြဆိုတော့ ချမ်းသာတဲ့ဒဏ်ကို မခံနိုင်ဘဲ အချို့ပုဂ္ဂိုလ်တွေလည်း ယိုင်ကုန်ကြတာပေါ့"

"ဒီလို အဂတိလိုက်စားမှုတွေဟာ ဒို့နိုင်ငံတစ်ခုတည်းမှာတင်ဖြစ်ပွားတဲ့ ပြဿနာ မဟုတ်ဘူး၊ ဈေးကွက်စီးပွားရေးစနစ်ကို ပြောင်းလဲဖော်ဆောင်နေတဲ့ နိုင်ငံတိုင်းမှာ ကြုံတွေ့ဖြေရှင်းနေကြရတဲ့ ပြဿနာတစ်ခုပဲ"

"အေးလေ၊ အဂတိလိုက်စားရမှုရဲ့ အကြောင်းရင်းတွေ ဖော်ထုတ်ပြီး ဘယ်လိုနည်းလမ်းတွေနဲ့ ထိန်းချုပ်ကာကွယ်ကြမလဲဆိုတာကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာသုံးသပ်ကာကွယ်ထားကြမယ်ဆိုရင် အရေအတွက် နည်းပါးသွားနိုင်သလို အလွန်အကျွံကြီးမားတဲ့ အဂတိလိုက်စားမှုကြီးတွေလည်း မရှိသလောက်ဖြစ်သွားနိုင်ပါတယ်။ ဘာမဆို ပြစ်မှုကျူးလွန်ပြီးမှ အရေးယူရတာထက် အစွန်းမရောက်တဲ့ ကြိုတင်ကာကွယ်တားဆီးမှုတွေ လုပ်ထားနိုင်ရင် အားလုံးအတွက် အကျိုးရှိနိုင်ပါတယ်"

"ဘယ်အလုပ်မဆို အစွန်းနှစ်ဖက်လွတ်ဖို့တော့လိုမယ်၊ သိပ်ပြီးတင်းကျပ်လွန်းရင် အလုပ်လုပ်ရတာခက်ခဲသွားနိုင်တယ်၊ လျော့ရဲလွန်းရင်လဲ အဂတိလိုက်စားမှုတွေ များပြားလာမယ်"

"အခု လူကြီးတွေရဲ့ အမှာစကားကို ဆန်းစစ်ကြည့်ရင် အခြေအနေမှန်တွေကို ပွင့်ပွင့်လင်းလင်းနဲ့ ထောက်ပြထားတာတွေ့ရလို့ နိုင်ငံအတွက် အားရစရာပါပဲ"

"အေး-အဲဒီလို အကျင့်သိက္ခာကို ထိန်းသိမ်းနေထိုင်ကြတဲ့ ဝန်ထမ်းတွေလည်း အများအပြားရှိပါတယ်။ ရောင့်ရဲတင်းတိမ်တဲ့သဘော၊ ရိုးသားကြိုးစားစွာနဲ့ ဝင်ငွေရှာတဲ့သဘောဖြစ်တာမို့ အလွန်ချီးကျူးစရာပါပဲ"

"နောင်ဖြစ်ပေါ်လာမယ့် ပါတီစုံ ဒီမိုကရေစီခေတ်မှာ ဒို့ဝန်ထမ်းတွေရဲ့ အခန်းကဏ္ဍက ပိုမိုအရေးပါလာမယ်။ ပါတီစုံစနစ်အောက်မှာတော့ ဝန်ထမ်းအားလုံး ပါတီနိုင်ငံရေးနဲ့ လုံးဝကင်းရှင်းကြဖို့လိုတယ်။ ဘာလို့လဲဆိုတော့ ရွေးကောက်ပွဲအရ အနိုင်ရပြီး အစိုးရအဖွဲ့တွေ အမျိုးမျိုးပြောင်းလဲဖြစ်ပေါ်လာနိုင်တာမို့ နိုင်ငံ့ဝန်ထမ်းတွေ ဟိုပါတီဝင်၊ ဒီပါတီဝင်ဖြစ်နေရင် အုပ်ချုပ်ရေးပိုင်း အဆင့်ဆင့်မှာ ပြဿနာမျိုးစုံ ဖြစ်ပေါ်လာနိုင်ပြီး နိုင်ငံနစ်နာနိုင်တယ်လေ"

"ဒါကြောင့် ဘယ်အစိုးရပဲတက်တက် နိုင်ငံ့ဝန်ထမ်းတွေအနေနဲ့ ဝန်ထမ်းကောင်းပီသစွာ ရိုးသားကြိုးစားပြီး နိုင်ငံ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နေကြသူတွေသာ ဖြစ်ကြရမယ်လေ"

"အခုကျင်းပနေတဲ့ အမျိုးသားညီလာခံမှာလည်း အုပ်ချုပ်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းမှာ အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ဖို့အတွက် လုပ်ငန်း ကော်မတီဥက္ကဋ္ဌ ဦးအောင်တိုးက နိုင်ငံ့ဝန်ထမ်းပိုင်းဆိုင်ရာနဲ့ ပတ်သက်ပြီး အကြံပြုရန် ရှင်းလင်းချပြထားတဲ့ အချက်(၅)ချက်ရှိတယ်။ အဲဒီအချက်တွေက-

(၁) **နိုင်ငံ့ဝန်ထမ်းများသည် ပါတီနိုင်ငံရေးနှင့် ကင်းရှင်းရမည်။**

(၂) **နိုင်ငံ့ဝန်ထမ်းများခန့်ထားခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ အငြိမ်းစားယူခြင်း၊ စည်းကမ်းထိန်းသိမ်းခြင်း၊အမှုထမ်းစည်းကမ်း သတ်မှတ်ခြင်းနှင့် အရေးယူခြင်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။**

(၃) **နိုင်ငံ့ဝန်ထမ်းများ၏ လုပ်ငန်းခွင် အာမခံချက်ရရှိရေး၊ စားဝတ်နေမှု ဖူလုံရေး၊ အိမ်ထောင်ရှင် အမျိုးသမီးဝန်ထမ်းများ မီးဖွားခြင်းဆိုင်ရာ အကျိုးခံစားခွင့်ရရှိရေးနှင့် အငြိမ်းစားဝန်ထမ်းများ စားဝတ်နေမှု သက်သာချောင်ချိရေးအတွက် လိုအပ်သည့် ဥပဒေများပြဋ္ဌာန်းရမည်။**

(၄) **နိုင်ငံ့ဝန်ထမ်းဖြစ်သည့် တပ်မတော်သားများ၏ လုပ်ငန်းသဘာဝသည် ထူးခြားမှုရှိသည့်အလျောက် တပ်မတော်သား နိုင်ငံ့ဝန်ထမ်းများအတွက် တပ်မတော်ဆိုင်ရာ ဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။**

(၅) **နိုင်ငံ့ဝန်ထမ်းဖြစ်သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ ထူးခြားသည့် လုပ်ငန်းသဘာဝအရ ယင်းတို့ နှင့်ပတ်သက်၍ သီးခြားဥပဒေပြဋ္ဌာန်း ဆောင်ရွက်ရမည်** လို့ပါတယ်"

တက်ညီလက်ညီနဲ့ အချင်းချင်း ပူးပေါင်းဆောင်ရွက်ကြမယ်၊ ရိုးသားကြိုးစားပြီး မှန်မှန်ကန်ကန် တက်တက်ကြွကြွနဲ့ စည်းမျဉ်းစည်းကမ်းအတိုင်း စေတနာထား လုပ်ဆောင်ကြမယ်ဆိုရင် ပြည်သူအားလုံးကလည်း ပိုမိုလေးစား ယုံကြည်အားကိုးလာမှာဖြစ်တဲ့အတွက် နိုင်ငံအတွက်၊ ဒေသအတွက် အကျိုးစီးပွားတွေကို ပိုမိုအောင်မြင်စွာ လုပ်ဆောင်နိုင်ကြမှာမလွဲဘူး

"အချို့ဝန်ထမ်းတွေ အားကြိုးမာန်တက် အပင်ပန်းခံအလုပ်လုပ်နေကြပေမယ့် အချို့က ကြိုးနီစနစ်နဲ့ လုပ်ငန်းတွေကြန့်ကြာနေတာ၊ တာဝန်ကျေရုံဆောင်ရွက်နေကြတာတွေရှိနေတယ်လို့ ထောက်ပြထားတယ်"

"ဒါ့ထက်ဆိုးတာက အချို့ဝန်ထမ်းတွေက အဖြစ်မှန်၊ အခြေအနေမှန်ထက် မိမိရဲ့ လူကြီးအကြိုက် တင်ပြပြီး "မျှော"လိုက်နေတာတွေပဲဟ"

"ဒီလိုလိမ်ညာတင်ပြခဲ့ကြတဲ့ ဝန်ထမ်းတွေ၊ အဆင့်ဆင့်သော အာဏာပိုင်တွေကြောင့် နိုင်ငံနစ်နာခဲ့ရပြီမဟုတ်လား။တစ်ချိန်က ကိန်းဂဏန်းတွေ၊ စာရင်းဇယားတွေလိမ်ပြီး တင်ပြခဲ့ကြတယ်။ ဒီအလိမ်အညာစာရင်းဇယားတွေပေါ် မူတည်ပြီး၊ တွက်ချက်ပြီး စီမံကိန်းတွေလုပ်ခဲ့ကြရတာမို့ ဘယ်မှာအောင်မြင်နိုင်တော့မလဲ၊ နောက်ဆုံး အထွေထွေမကျေနပ်မှုတွေကြောင့် ယခင်အစိုးရတွေ အခက်ကြုံခဲ့ကြရတာပဲ မဟုတ်လား"

"အရှိကိုအရှိအတိုင်း မတင်ပြဘဲ လူကြီးအကြိုက်တွေ့အောင်၊ ကိုယ်အမှတ်ရအောင် လိမ်ညာတင်ပြသူတွေကို ပြင်းပြင်းထန်ထန် အရေးယူသင့်တယ်"

"အလုပ် လုပ်တဲ့လူတိုင်းမှာ အနည်းနဲ့အများဆိုသလို အမှားပါကြမှာပါ။ ခွင့်လွှတ်သင့်တဲ့ စေတနာအမှားကို ခွင့်လွှတ်ကြရမှာဖြစ်သလို အလုပ်ကိုလည်း မကြိုးစား၊ ဝတ်ကျေတန်းကျေ အဖြစ်သဘောမျိုးလုပ်၊ အမှတ်ကျတော့ အပြည့်လိုချင်ပြီး အခြေအနေမှန်၊ အဖြစ်အပျက်မှန်တွေကို ဖုံးကွယ်တင်ပြသူတွေကိုတော့ ခွင့်မလွှတ်သင့်ဘူး"

"အဲဒီလို လူမျိုးတွေဟာ အတွင်းလို့က်စားနေတဲ့ သဘောဆောင်နေတာမို့ နိုင်ငံအတွက် အဓိက ဆူးငြောင့်ခလုတ်ပဲ"

"အဆိုးဆုံးကတော့ လုပ်ပိုင်ခွင့်အာဏာကို ကိုယ်ကျိုးအတွက် အသုံးချပြီး မသမာမှုတွေ၊ အာဏာအလွဲသုံးစားလုပ်မှုတွေ ဖြစ်လာလို့ အရေးယူလိုက်ရတာတွေပဲ။ အဘက်ဘက်က နစ်နာခဲ့ကြရတာမို့ ဒီလိုအဖြစ်မျိုး ထပ်မဖြစ်ရအောင်တော့ အဆင့်ဆင့်အာဏာပိုင်တွေ၊ ဌာနဆိုင်ရာဝန်ထမ်းတွေ သတိရှိရှိနဲ့ ဆင်ခြင်ကြရမယ်၊ ထိန်းသိမ်းကွပ်ကဲကြပ်မတ်ကြရမယ်"

"ခေတ်ကြီးက တိုးတက်လာနေသလို နေထိုင်သုံးစွဲစရာ ရုပ်ဝတ္ထုပစ္စည်းတွေကလည်း အမျိုးမျိုး ဆန်းသစ်ပေါ်လာ၊ အပန်းဖြေ ပျော်ရွှင်စရာ နေရာတွေကလည်း များလာ၊ ပုဂ္ဂလိက စီးပွားရေးသမားတွေကလည်း ချမ်းသာကြွယ်ဝလာကြတော့ တိုက်ကောင်းကောင်းနဲ့နေ၊ ကားအကောင်းစားကိုစီးပြီး အဆင့်မြင့်မြင့် နေထိုင်သုံးစွဲကြတာပေါ့။ ဒါကို နိုင်ငံ့ဝန်ထမ်းအချို့က အားကျခံမင်ဖြစ်လာကြတော့ ကိုယ်ကျင့်သိက္ခာ ထိန်းသိမ်းရာမှာ အားနည်းလာပြီး ကိုယ်ကျိုးရှာလာကြတာ တွေ့ရတယ်"

"ဝင်ငွေနဲ့ ထွက်ငွေ ညီမျှအောင် ခြိုးခြံနေထိုင်ကြတဲ့ ဝန်ထမ်းတွေလည်း အများအပြားပဲ ရှိပါတယ်။ ရုံးချိန်ပြင်ပအချိန်တွေမှာ အခြားတရားဝင်လုပ်ငန်းတွေလုပ်ပြီး အပိုဝင်ငွေ ရှာနေကြတဲ့ ဝန်ထမ်းတွေလည်း အများအပြားပဲလေ။ အပိုဝင်ငွေကို သမ္မာအာဇီဝကျတဲ့နည်းနဲ့ ရှာဖွေနေကြတဲ့ ဝန်ထမ်းတွေကို အလွန်လေးစား ဂုဏ်ယူရကောင်းတဲ့ ဝန်ထမ်းတွေလို့ဆိုရမှာပဲ"

"ဝန်ထမ်းအားလုံးအတွက် စည်းကမ်းတကျဖြစ်ရန်၊ စားဝတ်နေမှု ဖူလုံရေးနဲ့ လုပ်ငန်းခွင်အာမခံချက်ရရှိရန်၊ အငြိမ်းစားဝန်ထမ်းများ စားဝတ်နေမှု သက်သာချောင်ချိရန်တို့အတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ဖို့ အမျိုးသားညီလာခံမှာ ဆွေးနွေးညှိနှိုင်းနေကြတာတွေ့ရလို့ အားရစရာပဲ"

"တစ်ဖက်ကလည်း စားဝတ်နေမှုဖူလုံအောင် လုပ်ပေးပြီး တစ်ဖက်ကလည်း စည်းကမ်းစနစ်တကျ ရှိအောင်၊ တာဝန်ကျေပွန်အောင်၊ ကြိုးနီစနစ်မရှိအောင်၊ အဂတိလိုက်စားမှုမရှိအောင် ကြပ်မတ်ထိန်းသိမ်းပေးမှာမို့ ဝန်ထမ်းလောကကြီး တစ်ခုလုံးအဆင်ပြေ ချောမွေ့ပြီး ပြည်သူလူထုက အားကိုးကြရမယ့် မှန်ကန်ရိုးသားကြိုးစားတဲ့ ဝန်ထမ်းတွေဖြစ်လာကြမှာမလွဲဘူး"

"လူကောင်း လူတော်တွေ ဖြစ်လာမှ၊ လူကောင်းလူတော်တွေ များပြားလာမှ ဒို့နိုင်ငံ ပိုမိုတိုးတက်လာမှာပဲလေ"

"လူတော်ပြီး မကောင်းရင် မြွေပွေးခါးပိုက်ပိုက်ထားရသလို ဖြစ်နေမှာပဲ၊ လူကောင်းပြီး မတော်ရင်လည်း ထက်မြက်သွက်လက်တဲ့ ဝန်ထမ်းကောင်းတွေ၊ နိုင်ငံက အားကိုးယုံကြည်ရမယ့် ဝန်ထမ်းကောင်းတွေ ဖြစ်မလာနိုင်ဘူးဆိုတာကိုလဲ သတိပြုရမယ်"

"ဒါကြောင့် လူတော်ကို လူကောင်းဖြစ်အောင် အနီးကပ်ကြပ်မတ်ကွပ်ကဲ ပြုပြင်သွားရမှာဖြစ်သလို လူကောင်းကိုလည်း လူတော်ဖြစ်လာအောင် လေ့ကျင့်သင်ကြားတွန်းအားပေးကြဖို့ လိုမယ်"

"အဓိက အကျဆုံးကတော့ ဌာနဆိုင်ရာအကြီးအကဲတွေပဲ။ ဌာနဆိုင်ရာ အကြီးအကဲတွေဟာ လုပ်ငန်းစွမ်းရည်ရှိရမယ်၊ အုပ်ချုပ်ရေးစွမ်းရည်ရှိရမယ်၊ စည်းရုံးရေးစွမ်းရည်ရှိရမယ်၊ ရိုးသားကြိုးစားပြီး စံနမူနာပြနေထိုင် နိုင်သူတွေဖြစ်ရမယ်၊ ကွပ်ကဲကြပ်မတ်အုပ်ချုပ်စီမံနိုင်စွမ်းရှိသူတွေ ဖြစ်ရမယ်"

"မှန်တယ်လေ၊ ချမှတ်ပေးထားတဲ့ ရည်မှန်းချက်တာဝန်တွေကို အဓိက အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ ဦးဆောင်ကွပ်ကဲသူတွေက အရည်အချင်းရှိဖို့ အထူးလိုအပ်တာပေါ့"

"နောက်တစ်ချက်က ဒို့နိုင်ငံမှာ ဘယ်နယ်ပယ်မှာပဲဖြစ်ဖြစ် လူပုဂ္ဂိုလ်ရေး ဦးစားပေးဆောင်ရွက်နေမှုတွေ မရှိအောင် မူဝါဒနဲ့အညီ စည်းစနစ်တကျနဲ့သာ လုပ်ကိုင်ဆောင်ရွက် အကောင်အထည်ဖော်သင့်တယ်လို့ ထင်တယ်"

"ဒါမှလဲ တကယ့်အရည်အချင်းရှိတဲ့ ဝန်ထမ်းတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေ ပိုမိုများပြားလာမှာပဲ"

"နိုင်ငံတိုင်းမှာ မူဝါဒချမှတ်ပေးတဲ့အပိုင်းနဲ့ အဲဒီမူဝါဒကို ဥပဒေနဲ့အညီ အကောင်အထည်ဖော်ပေးရတဲ့ အပိုင်းဆိုပြီး နှစ်ပိုင်းရှိတယ်။ အစိုးရတွေက မူဝါဒချပေးတယ်၊ နိုင်ငံ့ဝန်ထမ်းတွေက အကောင်အထည်ဖော် ကြရတယ်လေ"

"ဒါကြောင့် ဘယ်လိုပဲ အစိုးရတွေပြောင်းလဲ အုပ်ချုပ်နေစေကာမူ ဝန်ထမ်းများက နိုင်ငံတော်ရဲ့ အဆင့်ဆင့်သော ယန္တရားများကို စဉ်ဆက်မပြတ် လည်ပတ်နေအောင်ဥပဒေနဲ့အညီ ဆောင်ရွက်နိုင်မှသာ နိုင်ငံတော်မှာ တရားဥပဒေစိုးရေးနဲ့

စာမျက်နှာ ၇ ကော်လံ ၁ သို့ ➡

အေအိုင်ဒီအက်စ်၊ တီဘီရောဂါနှင့် ငှက်ဖျားရောဂါတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရလဒ်ကောင်းများ ရရှိလာမည်

ရန်ကုန် မတ် ၂၉

ကျန်းမာရေးဝန်ကြီးဌာနက ဦးဆောင်ကျင်းပသည့် Country Coordinating Mechanism Meeting for Global Fund to fight against AIDS/TB/Malaria **အစည်းအဝေးကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ကျန်းမာရေးဦးစီးဌာန(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပရာ** Country Coordinating Mechanism (CCM) **အဖွဲ့ဥက္ကဋ္ဌ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။**

အစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ နိုင်ငံတကာလူမှုရေး အဖွဲ့အစည်းများနှင့် မြန်မာနိုင်ငံ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ CCM အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အဖွင့်အမှာစကား

ရှေးဦးစွာ CCM အဖွဲ့ဥက္ကဋ္ဌ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အဖွင့်အမှာစကား ပြောကြားရာတွင် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ၊ တီဘီရောဂါ၊ ငှက်ဖျားရောဂါ သုံးမျိုး၏ အဆိုပြုချက် ရန်ပုံငွေများကို Global Fund Boardမှ လက်ခံပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ယင်းအဆိုပြုချက်လုပ်ငန်းများ၌ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ခဲ့ကြသော CCMအဖွဲ့ဝင်များအား ကျေးဇူးတင်ရှိကြောင်း၊ CCMသည် ကဏ္ဍပေါင်းစုံ ပူးပေါင်းပါဝင်ဆောင်ရွက်မှုသက်သက်မဟုတ်ဘဲ အဆိုပါ ပူးပေါင်းဆောင်ရွက်မှုများ အစဉ်ခိုင်မြဲစေရန်နှင့် လုပ်ငန်းဆောင်ရွက်မှုကို ကြီးကြပ်နိုင်သည့် သတင်းအချက်အလက်များရရှိရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်နေသည့် အဖွဲ့တစ်ခုဖြစ်ကြောင်း၊ ထို့အပြင် CCM အဖွဲ့သည် ထောက်ပံ့ပေးအပ် ရန်ပုံငွေများကို စနစ်တကျသုံးစွဲရာတွင် အဓိကလမ်းညွှန်မှုပေးနိုင်သော အဖွဲ့လည်းဖြစ်ကြောင်း၊ ကမ္ဘာ့ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ပတ်သက်၍ အရှိန်အဟုန်မြှင့် ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီချက် ရယူဆောင်ရွက်သည့် အဖွဲ့လည်းဖြစ်ကြောင်း၊ ကမ္ဘာ့ရန်ပုံငွေအထောက်အပံ့ဖြင့် ဆောင်ရွက်ရာတွင် ခုခံအားကျဆင်းမှု ကူးစက်မှုရောဂါ၊ တီဘီရောဂါ၊ ငှက်ဖျားရောဂါ တိုက်ဖျက်ရေးနှင့် ကုသရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မည့်သူများ ပိုမိုများပြားလာသည့်အတွက် အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပိုမိုကောင်းမွန်သော ရလဒ်အကျိုးကျေးဇူး များရရှိလာမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် ဌာနေကိုယ်စားလှယ် Mr. Charles Petrie က Global Fund နှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ယင်းနောက် ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး (ရောဂါနှိမ်နင်းရေး) ဒေါက်တာကျော်ညွန့်စိန်က Country Coordinating Mechanism (CCM)နှင့်ပတ်သက်၍ လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေး စီမံချက်မန်နေဂျာ ကိုယ်စား လက်ထောက် ညွှန်ကြားရေးမှူး(ခုခံကျ) ဒေါက်တာဒေါ်ခင်ဥမ္မာစိက HIV/ AIDS တိုက်ဖျက်ရေး စီမံချက်အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် တီဘီရောဂါတိုက်ဖျက်ရေး စီမံချက်မန်နေဂျာ ဒေါက်တာဝင်းမောင်က တီဘီရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် အစည်းအဝေး တက်ရောက်လာကြသည့် ပုဂ္ဂိုလ်များက ဝိုင်းဝန်းဆွေးနွေးကြပြီး ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က နိဂုံးချုပ်အမှာစကား ပြောကြား၍ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

✧ မြန်မာ့ကျောက်မျက်ပြပွဲမှ

ကျောက်မျက်ရတနာ အတွဲများနှင့် ပုလဲရတနာအတွဲများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ (၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဝင်များက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် ၂၀၀၅ ခုနှစ်(၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ ဒုတိယအကြိမ် အစည်းအဝေးကို ညနေ ၅နာရီ ၁၅မိနစ်တွင် မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ကျင်းပရာ ဗဟိုကော်မတီနာယက၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်တက်ရောက်၍ အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် ဗဟိုကော်မတီဝင်များနှင့် ဆပ်ကော်မတီများဖြစ်ကြသော ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ၊ စီမံရေးရာ၊ လုံခြုံရေးနှင့် ပြန်ကြားရေး ဆပ်ကော်မတီတို့မှ တာဝန်ရှိသူများက ၂၀၀၅ ခုနှစ် (၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ခင်းကျင်းပြသရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအသီးသီးက စီမံဆောင်ရွက်ထားမှု အခြေအနေများကို တင်ပြဆွေးနွေးကြသည်။

ထို့နောက် ၂၀၀၅ ခုနှစ် (၄၂)ကြိမ်မြောက်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ နာယက၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

သီတဂူ ဓမ္မသဘင်

ရန်ကုန် မတ် ၂၉

မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြို့ ဂူကြီးကုန်းကျောင်းတိုက်တွင် ရဟန်းအမ ဒေါ်တင် (ယဉ်မွန်ရတနာ၊ ဗိုလ်ချုပ်အောင်ဆန်းဈေး) မိသားစု၏ သိက္ခာထပ်၊ ရဟန်းခံ၊ ရှင်ပြုအလှူအောင်ပွဲအဖြစ် သီတဂူဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာအရှင်ဉာဏိဿရ (D.Litt)၏ တရားပွဲကို ဧပြီ ၅ရက် (အင်္ဂါနေ့) ည ၇ နာရီတွင် ကျင်းပမည်ဖြစ်သည်။(၂၃)

စာအောင်သံဃာတော်များ ပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၂၉

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် ကျန်စစ်သားလမ်းရှိ တိပိဋက မဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ လှိုင်သာယာမြို့နယ် ဆဋ္ဌတိပိဋက ရွှေဥက္ကံ ပရိယတ္တိစာသင်တိုက်၊ မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ် တိပိဋက သဒ္ဓါဝါသစာသင်တိုက်တို့၏ ပဓာန နာယက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ရေစကြိုဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ၏ ရွှေရတုဝိဇာတမင်္ဂလာနှင့် ၁၃၆၆ခုနှစ် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲတို့၌ ထူးချွန်စွာအောင်မြင်တော်မူခဲ့ကြသော တိပိဋက မဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်မှ သာသနာ့အာဇာနည် အရှင်မြတ်ရှစ်ပါးတို့အား ဂုဏ်ပြုပူဇော်ပွဲမင်္ဂလာကို ၁၃၆၆ခုနှစ် တပေါင်းလပြည့်ကျော် ၉ရက် (ဧပြီ ၂ရက်) စနေနေ့ နံနက် ၉နာရီတွင် ရန်ကုန်တိုင်း ဒဂုံမြို့သစ် မြို့နယ်(အရှေ့ပိုင်း) ကျန်စစ်သားလမ်း တိပိဋကမဟာဂန္ဓဝင်နိကာယ် ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

မြန်မာ့အသံ

တိုင်းရင်းသားအစီအစဉ်များ ပြောင်းလဲထုတ်လွှင့်မည်

ရန်ကုန် မတ် ၂၉

မြန်မာ့အသံမှ သုံးလတစ်ကြိမ် အစီအစဉ်အလိုက် အလှည့်ကျ ပြောင်းလဲ ထုတ်လွှင့်လျက်ရှိသော တိုင်းရင်းသားအစီအစဉ်များကို ဧပြီ ၁ရက်မှ ဇွန် ၃၀ရက်အထိ လှိုင်းတို ၆၃ ဒသမ ၄၉မီတာမှနေ၍ အသံလွှင့်ချိန် ပြောင်းလဲထုတ်လွှင့်မည်ဖြစ်ရာ ပိုးကရင်ဘာသာအစီအစဉ်ကို မွန်းလွဲ ၂နာရီမှ ၂နာရီ ၄၅မိနစ်၊ ချင်းဘာသာအစီအစဉ်ကို မွန်းလွဲ ၂နာရီ ၄၅မိနစ်မှ ညနေ ၃နာရီခွဲ၊ မွန်ဘာသာအစီအစဉ်ကို ညနေ ၃နာရီခွဲမှ ညနေ ၄နာရီ ၁၅မိနစ်၊ ရခိုင်ဘာသာအစီအစဉ်ကို ညနေ ၄နာရီ ၁၅မိနစ်မှ ညနေ ၅နာရီ၊ ရှမ်းဘာသာအစီအစဉ်ကို ညနေ ၅နာရီမှ ညနေ ၅နာရီ ၄၅မိနစ်၊ ကချင် ဘာသာ အစီအစဉ်ကို ညနေ ၅နာရီ ၄၅မိနစ်မှ ညနေ ၆နာရီခွဲ၊ ကယားဘာသာ အစီအစဉ်ကို ညနေ ၆နာရီခွဲမှ ည ၇နာရီ ၁၅မိနစ်၊ စကောကရင်ဘာသာ အစီအစဉ်ကို ည ၇နာရီ ၁၅မိနစ်မှ ည ၈နာရီအထိ ထုတ်လွှင့်သွားမည်ဖြစ်သည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပ

ရန်ကုန် မတ် ၂၉

ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့နှင့် ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနတို့က ကြီးမှူးကျင်းပသည့် ရန်ကုန်တိုင်း ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး တက်ရောက် အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ အမှတ် (၄) စစ်ဒေသမှူး ဗိုလ်မှူးကြီး ရန်နိုင်ဦး၊ တိုင်းအုပ်ချုပ်ရေးမှူး ဦးလှစိုး၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်နှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်များမှ တီဘီရောဂါတိုက်ဖျက်ရေးအဖွဲ့ခေါင်းဆောင် ဆရာဝန်များနှင့် မြို့နယ်ကျန်းမာရေးဦးစီးမှူးများ၊ ခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌများနှင့် အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ကျန်းမာရေးဦးစီးဌာန တီဘီရောဂါ တိုက်ဖျက်ရေးစီမံချက်မန်နေဂျာ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဝင်းမောင်က တီဘီရောဂါ တိုက်ဖျက်ရေး လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာလှမြင့်က ရန်ကုန်တိုင်းအတွင်း တီဘီရောဂါတိုက်ဖျက်ရေး လုပ်ငန်းများတွင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များက ပါဝင်ရမည့် အခန်းကဏ္ဍများကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ရန်ကုန်တိုင်း တီဘီရောဂါအထူးကုဆရာဝန်ကြီး ဒေါက်တာမျိုးဇော်က ရန်ကုန်တိုင်းအတွင်း တီဘီရောဂါဖြစ်ပွားမှုနှင့် ရောဂါတိုက်ဖျက်ရေး လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက တီဘီရောဂါ တိုက်ဖျက်ရေး DOTS ပညာပေး ဇာတ်လမ်းတိုပြသမှုကို ကြည့်ရှုအားပေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ (၂၀၀၅) 'ကိုယ်တိုင်တိုက်ကျွေး တီဘီဆေး ရှေ့တန်းကထား စေတနာရှင်များ' အခမ်းအနားတွင် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ထူးခြားသည့် နေ့အပူချိန်များ

(၂၉-၃-၂၀၀၅)

မကွေး

၄၁ ဒီဂရီစင်တီဂရိတ်

(၁၀၆ ဒီဂရီဖာရင်ဟိုက်)

ညောင်ဦး၊ မင်းဘူး၊ ပုသိမ်နှင့် ဘားအံ

၄၀ ဒီဂရီစင်တီဂရိတ်

(၁၀၄ ဒီဂရီဖာရင်ဟိုက်)

➥ **စာမျက်နှာ ၆ ဆောင်းပါးမှအဆက်**

ရပ်ရွာအေးချမ်းသာယာရေးရှိပြီး ပြည်သူတွေရဲ့ဘဝဟာ အမြဲတစေ ရှင်သန်တိုးတက်လုံခြုံနေမှာဖြစ်တယ်"

"ပါတီစုံဒီမိုကရေစီခေတ်မှာ ဝန်ထမ်းအပိုင်းကဏ္ဍက ပိုမိုအရေးပါတယ်လို့ ဆိုရမှာပေါ့"

"အေး-အဲဒါကြောင့် အထူးစည်းကမ်းကောင်းမွန်ပြီး ဥပဒေပါ ပြဋ္ဌာန်းချက် များအတိုင်း တာဝန်ထမ်းဆောင်နိုင်စွမ်းရှိတဲ့၊ အရည်အချင်းပြည့်ဝတဲ့ နိုင်ငံ့ ဝန်ထမ်းမျိုးဖြစ်ဖို့ လိုအပ်နေပြီလေ"

"ဒါကြောင့် အကြီးအကဲတွေက ဝန်ထမ်းများကို တွေ့ဆုံလမ်းညွှန်မှာကြားနေတာဖြစ်လို့ တစ်နိုင်ငံလုံးက ဝန်ထမ်းတွေအနေနဲ့ အလေးထားလိုက်နာလုပ်ဆောင်ကြဖို့လိုမယ်"

ထိုသို့စကားဝိုင်းဖွဲ့၍ ပြီးဆုံးချိန်၌ ကျွန်တော့်ဘဝတွင် ဖြတ်သန်းလာခဲ့ရသည့် ဖဆပလခေတ် နယ်ဘက်ဝန်ထမ်းဘဝ၊ လမ်းစဉ်ပါတီခေတ် စစ်ဘက်ဝန်ထမ်းဘဝ၊ ယနေ့တပ်မတော်အစိုးရလက်ထက် စစ်ဘက်ဝန်ထမ်းဘဝ၊ သံတမန်ဝန်ထမ်းနှင့် နယ်ဘက်ဝန်ထမ်းဘဝတို့၌ တွေ့ကြုံခဲ့ရသော အတွေ့အကြုံ အဖြစ်အပျက်များကို ပြန်လည်၍ စိတ်ကူးတွင် မြင်ယောင်လာခဲ့ပါသည်။

ယနေ့အမျိုးသားညီလာခံတွင် အုပ်ချုပ်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်း၌ နိုင်ငံ့ဝန်ထမ်းများဆိုင်ရာနှင့် ပတ်သက်၍ အသေးစိတ်အခြေခံမှုများ ချမှတ်နိုင်ရန် ဆွေးနွေးညှိနှိုင်းနေကြသည်ကို မြင်တွေ့နေရပေသည်။ နိုင်ငံ့ဝန်ထမ်းများသည် အရည်အချင်းရှိသော၊ အလုပ်တာဝန်ဝတ္တရားများ ကျေပွန်သော၊ ရိုးသားဖြောင့်မတ်သော လုပ်ငန်းများကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ သွက်လက်ထက်မြက်စွာ အကောင်အထည်ဖော်နိုင်စွမ်းရှိသော နိုင်ငံ့ဝန်ထမ်းကောင်းများအဖြစ် နိုင်ငံ့အကျိုးကို စွမ်းစွမ်းတမံ သယ်ပိုးထမ်းဆောင်နေကြရမည်သာ ဖြစ်ပေသည်။ ။

တိုက် (၁၃၃) အခန်း ၅ မီးဒုံးလမ်းသွယ်-၃ (၂၉)ရပ်ကွက် သုဝဏ္ဏနေ ဦးကုလားလေး-ဒေါ်သန်းစိန် မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင်နှင့် ဆွမ်းသုံးရက်စာအတွက် အလှူငွေကျပ် ၂၃၀၀၀၀ ကို မတ် ၂၆ရက်က လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးတင်မောင်ဝင်း လက်ခံယူစဉ်။ (က-ပ)

တန့်ဆည်မြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် မတ် ၂၉

တန့်ဆည်မြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး၊ နိုင်ငံတော် ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ဂုဏ်ပြုပူဇော်ပွဲ၊ အသက် (၇၅)နှစ် အထက် သက်ကြီးပူဇော်ပွဲနှင့် ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများ ဂုဏ်ပြုဆုပေးပွဲကို ဧပြီ ၃ရက် နံနက် ၈နာရီတွင် ဗဟန်း (၃)လမ်းရှိ အသင်းတိုက် ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

အသက်(၇၅)နှစ်အထက်ပုဂ္ဂိုလ်များနှင့် ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများ၏ အမှတ်စာရင်းနှင့်တကွ မြို့နယ်စည်းရုံးရေးမှူးများနှင့် အသင်းရုံးသို့ မတ် ၃၁ ရက်မတိုင်မီ ပေးပို့ကြရန်နှင့် အသင်းတိုက် ဖုန်း-၃၇၈၁၃၈ နှင့် အတွင်းရေးမှူး ဖုန်း-၆၅၁၁၈၂ တို့သို့ ဆက်သွယ်ကြရန် နှိုးဆော်ထားသည်။ (က-ပ)

❐ **အုပ်ချုပ်ရေးမှ**

မြို့ (ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ ဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ ဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များ ဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင် ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အလုပ်သမား ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ ဖြစ်ကြသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ဝန်ကြီးဌာန အသီးသီးမှ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်းဖိတ်ကြားထားသူများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ငြိမ်းချမ်းရေးရယူထားသော တိုင်းရင်းသားအဖွဲ့ (၁၇)ဖွဲ့ အပါအဝင် အခြားအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

လက်မှတ်ရေးထိုး

အမျိုးသားညီလာခံ စုံညီအစည်းအဝေး မစတင်မီ နံနက် ၇ နာရီခွဲမှ စတင်၍ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင် အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များသည် အမျိုးသားညီလာခံ စုံညီအစည်းအဝေး ကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များ နားနေဆောင်ခန်းမတို့၌ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များ

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိအဖြစ် အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးဘိုသိန်းက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီအဖွဲ့ဝင် ဦးမျိုးသန့်(မောင်ဆုရှင်)၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးစောဖိုးလစ် (ခေါ်)ဦးဖိုးလစ်ဆမ်၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးလော်ဆင်ကွမ်း၊ တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးကျော်ဒင်(ခေါ်) ဦးထေးရယ်၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးကြည်တင့်၊ အသိပညာရှင် အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒေါက်တာသိန်းညွန့် (ညွန့်ဝေ–ကသာ)၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒေါက်တာ မြတ်မြတ်အုန်းခင်နှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့မှ ဒေါက်တာ မနန်တူးဂျာတို့က ဆောင်ရွက်ကြသည်။

အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး (အစည်းအဝေး) ဦးသန်းအောင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်က ဆောင်ရွက်သည်။

စတင်ကျင်းပ

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသားညီလာခံသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၈၁ ဦးရှိပြီး ၁၀၇၀ ဦးတို့ တက်ရောက်လာကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ၉၈ ရာခိုင်နှုန်းရှိသဖြင့် အမျိုးသားညီလာခံစုံညီအစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အမျိုးသားညီလာခံ စုံညီအစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် စုံညီအစည်းအဝေး အစီအစဉ်အရ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ ကိုယ်စားလှယ်အစုအဖွဲ့များမှ ကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုချက် စာတမ်းများကို ဖတ်ကြားတင်ပြကြရာတွင် ရှေးဦးစွာ အသိပညာရှင် အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို အသိပညာရှင် အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒေါက်တာမေဝင်းအောင်ခင်နှင့် ဒေါက်တာခင်ဇော်တို့က ဖတ်ကြားတင်ပြကြပြီး စုံညီအစည်းအဝေးကို ခေတ္တရပ်နားသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား တွေ့ရစဉ်။ (သတင်းစဉ်)

သဘာပတိအဖွဲ့ဝင်များ

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များအား တွေ့ရစဉ်။ (သတင်းစဉ်)

အသိပညာရှင် အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒေါက်တာ မေဝင်းအောင်ခင်က အသိပညာရှင် အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက် စာတမ်းကို ဖတ်ကြားစဉ်။ (သတင်းစဉ်)

အသိပညာရှင် အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒေါက်တာခင်ဇော်က အသိပညာရှင် အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေး အကြံပြုချက်စာတမ်းကို ဖတ်ကြားစဉ်။ (သတင်းစဉ်)

အသိပညာရှင် အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒေါက်တာ လှသန်းက အသိပညာရှင် အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေး အကြံပြုချက်စာတမ်းကို ဖတ်ကြားစဉ်။ (သတင်းစဉ်)

ဖတ်ကြားတင်ပြ

ယင်းနောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၁ နာရီတွင် ပြန်လည်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ အသိပညာရှင် အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက် စာတမ်းကို အသိပညာရှင် အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒေါက်တာလှသန်းက ဖတ်ကြားတင်ပြပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ရပ်နားလိုက်သည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို မတ် ၁၀ ရက် နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

အခမ်းအနားမှူး

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး (အစည်းအဝေး) ဦးသန်းအောင်နှင့် တွဲဖက် အခမ်းအနားမှူးအဖြစ် ဒုတိယ ညွှန်ကြားရေးမှူး ဦးအောင်ကြည်တို့ ဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)



✻ နှစ်(၆၀)ပြည့်မှ

အစီအစဉ်အရ ရှေ့ဦးစွာ တပ်မတော်နေ့စစ်ရေးပြစစ်ကြောင်း တပ်ခွဲများသည် စစ်ရေးပြကွင်း၌ သတ်မှတ်ထားသည့်နေရာများသို့ ချီတက်နေရာယူကြသည်။

ထို့နောက် တိုင်းမှူးက စစ်ကြောင်းများ၏ အလေးပြုခြင်းကို ခံယူပြီး နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုခြင်း၊ သစ္စာလေးချက် ရွတ်ဆိုခြင်း၊ စစ်ကြောင်းများအား စစ်ဆေးခြင်းများကို စစ်ရေးပြအစီအစဉ်များအတိုင်း ဆောင်ရွက်သည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက နှစ်(၆၀)ပြည့် တပ်မတော်နေ့မိန့်ခွန်းပြောကြားပြီး စစ်ရေးပြစစ်ကြောင်းတပ်ခွဲများက တိုင်းမှူးအား စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြု၍ စစ်ရေးပြကွင်းအတွင်းမှ ပြန်လည်ထွက်ခွာသွားကြရာ စစ်ကြောင်းများချီတက်ရာ လမ်းကြောင်းတစ်လျှောက်၌ ပြည်သူများက အောင်သပြေ ပန်းစည်းများ၊ ပန်းကုံးများဖြင့် လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုကြိုဆိုကြသည်။

ဆက်လက်၍ တိုင်းမှူးက စစ်ရေးပြအကောင်းဆုံးစစ်ကြောင်း တပ်ခွဲများ၊ တပ်မတော်နေ့အထိမ်းအမှတ် ပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့အပြင် နှစ်(၆၀)ပြည့်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် စစ်ရေးပြကွင်းအတွင်း၌ တပ်ရင်း၊ တပ်ဖွဲ့အသီးသီးနှင့် ဝန်ကြီးဌာနအသီးသီးတို့၏ပြခန်းခင်းကျင်းပြသထားရာ ပြည်သူများစိတ်ဝင်တစား လာရောက်ကြည့်ရှုကြပြီး ညပိုင်းတွင် တပ်မတော်နေ့ ဂုဏ်ပြုညစာစားပွဲနှင့် ပျော်ပွဲရွှင်ပွဲများပြုလုပ်ခဲ့ကြောင်း သိရသည်။

အရှေ့မြောက်တိုင်း

ထို့အတူ နှစ်(၆၀)ပြည့် တပ်မတော်နေ့အခမ်းအနားကို မတ် ၂၇ရက် နံနက် ၇နာရီတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

အစီအစဉ်အရ စစ်ရေးပြ စစ်ကြောင်းတပ်ခွဲများသည် စုရပ်နေရာမှ စစ်ကြောင်းပုံဖြင့် ချီတက်လာကြရာ တပ်နယ်မိသားစုဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ပန်းစည်းပန်းကုံးများဖြင့် သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။

ယင်းနောက် စစ်ကြောင်းတပ်ခွဲများသည် တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်းအတွင်း ချီတက်နေရာယူကြပြီး တိုင်းမှူးအား အလေးပြုကြသည်။

ဆက်လက်၍ နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုခြင်း၊ သစ္စာလေးချက်ရွတ်ဆိုခြင်းများကို စစ်ရေးပြအစီအစဉ်များအတိုင်း ဆောင်ရွက်ကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က နှစ်(၆၀)ပြည့် တပ်မတော်နေ့မိန့်ခွန်းပြောကြားပြီး ဆုရစစ်ကြောင်းတပ်ခွဲများအား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် စစ်ရေးပြစစ်ကြောင်းများက တိုင်းမှူးအား စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုကြပြီး ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာ၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ညပိုင်းတွင် တိုင်းစစ်ဌာနချုပ်ခန်းမ၌ နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲကျင်းပခဲ့ကြောင်း သိရသည်။

အလယ်ပိုင်းတိုင်း

အလားတူ နှစ်(၆၀)ပြည့် တပ်မတော်နေ့အခမ်းအနားကို မတ် ၂၇ရက် နံနက် ၈နာရီတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နန်းမြို့ကျောက်တိုင်ကွင်း၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့် တက်ရောက်မိန့်ခွန်းပြောကြားသည်။

အစီအစဉ်အရ စစ်ရေးပြ စစ်ကြောင်းတပ်ခွဲများသည် ကျောက်တိုင်ကွင်းအတွင်း ချီတက်နေရာယူကြ၍ တိုင်းမှူးအား အလေးပြုကြပြီး နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုခြင်း၊ သစ္စာလေးချက်ရွတ်ဆိုခြင်းတို့ကို စစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က နှစ်(၆၀)ပြည့် တပ်မတော်နေ့မိန့်ခွန်းပြောကြားပြီး စစ်ကြောင်းတပ်ခွဲများက တိုင်းမှူးအား စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုကြကာ ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာသွားသည်။

နံနက် ၉နာရီတွင် နန်းမြို့တပ်နယ် စစ်ရေးပြကွင်း၌ စစ်ရေးပြစစ်ကြောင်းအလိုက် အကောင်းဆုံးတပ်ခွဲများ ဆုချီးမြှင့်ပွဲကိုကျင်းပရာ တိုင်းဒုတိယ(ဗိုလ်မှူးကြီး) ဗိုလ်မှူးကြီးသိန်းဦး တက်ရောက်၍ ဆုရစစ်ကြောင်း၊ တပ်ခွဲများအား ဆုများ အသီးသီး ပေးအပ်ချီးမြှင့်သည်။

ညပိုင်းတွင် နန်းမြို့ ဧည့်ရိပ်သာမြက်ခင်းပြင်၌ နှစ်(၆၀)ပြည့်တပ်မတော်နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲကျင်းပရာ နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် စာပေနှင့်အနုပညာပြိုင်ပွဲများတွင် အထူးဆုရရှိကြသူ ၃၀ နှင့် တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း ပြိုင်ပွဲများတွင် ဆုရရှိကြသူများအား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြပြီး တက်ရောက်လာကြသူများအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံကြောင်း သိရသည်။

အရှေ့တောင်တိုင်း

နှစ်(၆၀)ပြည့် တပ်မတော်နေ့အခမ်းအနားကို မတ် ၂၇ရက် နံနက် ၇နာရီတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် ရွှေနတ်တောင်အားကစားကွင်း၌ ကျင်းပရာ အခမ်းအနားသို့ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

အစီအစဉ်အရ ရှေ့ဦးစွာ စစ်ရေးပြစစ်ကြောင်းများက ကွင်းအတွင်း နေရာယူ၍ တိုင်းမှူးအား အလေးပြုကြပြီး နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုခြင်း၊ သစ္စာလေးချက် ရွတ်ဆိုခြင်းတို့ကို စစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က နှစ်(၆၀)ပြည့်တပ်မတော်နေ့ မိန့်ခွန်းပြောကြားပြီး ဆုရစစ်ကြောင်းဂုဏ်ပြုတပ်ခွဲများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်၍ စစ်ကြောင်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူသည်။

ဆက်လက်၍ မွန်ပြည်နယ်၊ ကရင်ပြည်နယ်တို့မှ နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် ဗဟိုအဆင့်ပြိုင်ပွဲများတွင် အထူးဆုရရှိသူများအား တိုင်းမှူးက ဆုများချီးမြှင့်ကြောင်း သိရသည်။

အနောက်တောင်တိုင်း

အလားတူ နှစ်(၆၀)ပြည့်တပ်မတော်နေ့ အခမ်းအနားကို မတ် ၂၇ရက် နံနက် ၇နာရီတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ကျင်းပရာ အခမ်းအနားသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

အစီအစဉ်အရ စစ်ရေးပြစစ်ကြောင်း တပ်ခွဲများက ကွင်းအတွင်း နေရာယူကြပြီး တိုင်းမှူးအား အလေးပြုကြသည်။ ဆက်လက်၍ နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုခြင်း၊ သစ္စာလေးချက်ရွတ်ဆိုခြင်းတို့ကို စစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က နှစ်(၆၀)ပြည့်တပ်မတော်နေ့ မိန့်ခွန်းပြောကြားပြီး စစ်ရေးပြစစ်ကြောင်းကြီးများအလိုက် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်၍ စစ်ကြောင်းများ၏ စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုမှုကို ခံယူသည်။

ယင်းနောက် တပ်မတော်နေ့အထိမ်းအမှတ် ပြိုင်ပွဲများအလိုက် ဆုရရှိသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကိုဆက်လက်ကျင်းပရာ ဆုရရှိကြသူများအား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နှစ်(၆၀)ပြည့်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် လပွတ္တာမြို့နယ်မှ လူမှုထူးချွန်(တတိယဆင့်)ရရှိသူ ဦးမြဦးက ငွေကျပ်တစ်သိန်း၊ ပုသိမ်မြို့ ခိုင်ရွှေစင်ကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးသန်းဦးနှင့် ဇနီး ဒေါ်စိုးရီတို့က ငွေကျပ်သုံးသိန်းပေးအပ်လှူဒါန်းရာ ဒုတိယတိုင်းမှူးက လက်ခံပြီး တိုင်းမှူးနှင့် ဇနီးတို့က ဧရာဝတီတိုင်းအတွင်းရှိ မော်ကွန်းဝင် ပုဂ္ဂိုလ်များအား ဂုဏ်ပြုလက်ဆောင်များပေးအပ်သည်။

ညပိုင်းတွင် တိုင်းမှူးသည် ဖိတ်ကြားထားသော ဧည့်သည်တော်များအား တိုင်းစစ်ဌာနချုပ် မြဧရာရိပ်သာ၌ တပ်မတော်နေ့အထိမ်းအမှတ် ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)

နွေရာသီယမိုက်-ပဌာန်း အထူးသင်တန်း

ရန်ကုန် မတ် ၂၉

အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက်၌ (၁၄)ကြိမ်မြောက် နွေရာသီယမိုက်-ပဌာန်း အထူးသင်တန်းကို ဧပြီ ၂၄ရက်မှ မေ၂၉ရက်အထိ ကျင်းပမည်ဖြစ်သည်။ သင်တန်းသားများ ဧပြီ ၂၃ရက်(စနေနေ့)အရောက် ကြွရောက်ပါရန်နှင့် သာသနာဝင်မှတ်တမ်း(သို့) ခိုင်လုံသောထောက်ခံစာ ယူဆောင်လာရမည်ဖြစ်သည်။

စာချ၊စာသင်၊ ရဟန်း၊ သာမဏေ၊ သီလရှင်တို့အား အရဏ်ဆွမ်း၊နေ့ဆွမ်း၊ အအေးနှင့် သင်တန်းသုံး စာအုပ်များကို လှူဒါန်းလိုပါက ဖုန်း-၆၄၀၀၇၅ သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

သင်တန်းခွဲများဖြစ်သော ဗိုလ်ကျောင်း မဟာဓမ္မိကာရာမတိုက်၊မန္တလေးမြို့၌ ဧပြီ ၂၃ရက်နှင့် ရော်ဘာစက်ရုံအနီး စမ်းအေးမြိုင်ကျောင်း သထုံမြို့၌ ဧပြီ ၂၁ရက်တို့၌ စတင်ကျင်းပသွားမည်ဖြစ်သည်။ (က-ပ)

တပ်မတော်နေ့ပြပွဲ ပြည်သူများ ကြည့်ရှုလေ့လာ

ရန်ကုန် မတ် ၂၉

နှစ်(၆၀)ပြည့် တပ်မတော်နေ့ပြပွဲကို ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ ယနေ့ဆက်လက်ဖွင့်လှစ်ပြသသည်။

အထူးပြခန်းတစ်ခုဖြစ်သည့်တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများပြခန်း၌ နေ့စဉ် မွန်းတည့် ၁၂နာရီမှ မွန်းလွဲ ၂နာရီအတွင်း ကွန်ပျူတာ ဉာဏ်စမ်းပြိုင်ပွဲကို ကျင်းပပေးလျက်ရှိပြီး ဆုရရှိသူများအား ဆုများချီးမြှင့်သည်။

ယနေ့ပြပွဲသို့ နိုင်ငံခြားသားများ အပါအဝင် ရဟန်းရှင်လူပြည်သူလူထု စုစုပေါင်း ၃၄၀၀ကျော် လာရောက်ကြည့်ရှုလေ့လာကြသည်။

(သတင်းစဉ်)

မိုးဃ်းကောင်း ပဌာန်းဗိမာန် သုံးထပ်ကျောင်းတော်ကြီး သိမ်သမုတ်ပွဲပူဇာမင်္ဂလာအခမ်းအနား ကျင်းပ

ရန်ကုန် မတ် ၂၉

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် လိပ်ပြာကန်ကျောင်းတိုက် သဒ္ဓမ္မပညာရောင်ခြည်အေးရိပ်သာ၏ မိုးဃ်းကောင်း ပဌာန်းဗိမာန် သုံးထပ်ကျောင်းတော်ကြီး သိမ်သမုတ်ပွဲ ပူဇာမင်္ဂလာ အခမ်းအနားကို မတ် ၂၃ရက် ည ၇နာရီတွင် အဆိုပါ သုံးထပ်ကျောင်းတော်၌ ကျင်းပသည်။

ယင်းအခမ်းအနားသို့ နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု (ရွှေကျင်သာသနာပိုင်) ဆရာတော် ဘဒ္ဒန္တအဂ္ဂိယ ဓဇမေဒနီ အမှူးပြု၍ ဆရာတော် သံဃာတော်များ၊ သီလရှင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေ့ဦးစွာ (ရွှေကျင်သာသနာပိုင်) ဆရာတော်အမှူးပြုသော ဆရာတော်ကြီး ကိုးပါးတို့က မိုးဃ်းကောင်းပဌာန်းဗိမာန် သုံးထပ်ကျောင်းတော်ကြီး သိမ်သမုတ်ပွဲ ပူဇာမင်္ဂလာအခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ဒေါ်ဉာဏစာရီ စာသင်တိုက်မှ သီလရှင်၄၅ပါးတို့က အန္တရာယ်ကင်း ရွတ်ဖတ်ပူဇော်၍ ဆရာတော် သံဃာတော်အပါး၉၀တို့က သိမ်သမုတ်ပေးတော်မူသည်။

မတ် ၂၄ရက် နံနက် ၅နာရီတွင် အဆိုပါ သုံးထပ်ကျောင်းတော်၌ ပင့်သံဃာအရှင်သူမြတ်တို့အား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်း၍ ဟံသာဝတီ ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဇဝန အရှင်သူမြတ်အား ပုနောယသမ္ပဒကံထပ်မင်္ဂလာ ပြုလုပ်သည်။

ယင်းနောက် (ရွှေကျင်သာသနာပိုင်) ဆရာတော်ကြီးထံမှ အလှူရှင်များနှင့် ဧည့်ပရိသတ်များက ရှစ်ပါးသီလခံယူဆောက်တည်၍ မိဘများဖြစ်ကြသော (ဦးဆာမိ-ဒေါ်ရှုဟုန်)၊ (ဦးစုခိ-ဒေါ်ကျင်မြိုင်) တို့အား ရည်စူးပြီး အလှူရှင် ကျောင်းအမ ဒေါ်ဒေါ်တိနှင့် ကျောင်းဒါယကာ ဦးကောက်၊ ကျောင်းဒါယိကာမ ဒေါ်ခင်ခင်ဝင်း၊ မှန္တာ ဒေါ်စန်းစန်းမြင့်သား မောင်သန့်ဇော်တို့နှင့်ဧည့်ပရိသတ်များက ဆရာတော်ကြီးထံမှ အနုမောဒနာတရားနာကြားပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေသည်။ (သတင်းစဉ်)

မင်္ဂလာတောင်ညွန့်မြို့နယ် ကျီတော်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ရောင်နီဦး ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို မတ် ၂၃ရက်ကကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးချစ်ကိုကို၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှူး ဒေါ်မြမြ၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလှသိန်းတို့ ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (၃၂)

မိုးစီး ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံမှ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များ စတင်ထုတ်လွှင့်

ရန်ကုန် မတ် ၂၉

ရုပ်မြင်သံကြားတိုးချဲ့ထုတ်လွှင့်ရေးအစီအစဉ်အရ ရှမ်းပြည်နယ်(မြောက်ပိုင်း)မုံးစီး၌ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၀၅ခုနှစ် မတ် ၂၃ရက်တွင် လုပ်ငန်းများပြီးစီးခဲ့သည်။

အဆိုပါစက်ရုံမှ လွှင့်အား ၁၀ ဝပ်၊ လှိုင်းနံ့န်း ၇ ဖြင့် မတ် ၂၄ရက်မှစ၍ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များကို အရုပ်/အသံ ကြည်လင်ပြတ်သားစွာဖြင့် ထုတ်လွှင့်ပေးလျက်ရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၃၀-၃-၂၀၀၅ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**
- ၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၆။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈:၁၀ ၇။ အဆိုပြိုင်ပွဲ
- ၈:၂၀ ၈။ ဘော်ဘင်ရေလှောင်တမံ
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Let’s Go.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ Practice in Reading.
- ၄:၄၅ ၄။ **အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)**
- ၅:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
- ၅:၁၅ ၆။ လက်ဆင့်ကမ်းအမွေ
- ၅:၃၀ ၇။ သီချင်းကြီးပဒေသာ
- ၅:၄၅ ၈။ မြန်မာစာ၊ မြန်မာစကား
- ၆:၀၀ ၉။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၆:၁၅ ၁၀။ Discovery.
- ၆:၂၀ ၁၁။ မူဟန်သွယ်သွယ်ဆိုကြမယ်
- ၆:၃၀ ၁၂။ ညနေခင်းသတင်း
- ၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၄။ ကြံ့ခိုင်ကျန်းမာပြည်မြန်မာ
- ၇:၁၅ ၁၅။ တေးဂီတအစီအစဉ်
- ၇:၂၅ ၁၆။ လိုင်စင်မဲ့ မော်တော်ယာဉ် လက်ဝယ်ပိုင်ဆိုင်ထားသူများ သတိပြုဖွယ်
- ၇:၃၅ ၁၇။ အမျိုးသားညီလာခံ ဂုဏ်ပြုတေး
- ၈:၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ **မမှောင်သောအလင်း (အပိုင်း-၁၅)(ဇာတ်သိမ်းပိုင်း) “အချစ်စစ်အချစ်မှန်ဟူသည်” (ကျော်သူ၊ ဖိုးသောကြာ၊ ဇိုက်၊ ရတနာခင်၊ သူသူဟိန်းသာ၊ ရှုမဝစမ်းစမ်းအေး) [ဒါရိုက်တာ-သက်တင်]**
- ၂၂။ နောက်တစ်နေ့အစီအစဉ်
- ၂၃။ အစီအစဉ်ပြီး၏။

နှစ်(၆၀)ပြည့် တပ်မတော်နေ့ပြပွဲ
တပ်မတော်စစ်သမိုင်းပြတိုက်
(ရွှေတိဂုံဘုရားလမ်း)
(၂၆-၃-၂၀၀၅ မှ ၄-၄-၂၀၀၅)
မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။

တပ်မတော်နေ့ စာပေအနုပညာပြိုင်ပွဲ ပြပွဲ ကျောင်းသူကျောင်းသားများ ကြည့်ရှုလေ့လာ

ရန်ကုန် မတ် ၂၉

နှစ်(၆၀)ပြည့် တပ်မတော်နေ့ စာပေအနုပညာပြိုင်ပွဲပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ယနေ့နံနက် ၉နာရီမှ ညနေ ၅နာရီအထိ အများပြည်သူတို့အား ဖွင့်လှစ်ပြသထားရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ကျောင်းသား၊ ကျောင်းသူများ၊ ရဟန်းရှင်လူပြည်သူများ လာရောက်ကြည့်ရှုလေ့လာကြသည်။

ပြပွဲ၌ နှစ်(၆၀)ပြည့် တပ်မတော်နေ့ စာပေအနုပညာပြိုင်ပွဲ ပြပွဲဆိုင်ရာ ဉာဏ်စမ်းမေးခွန်းဖြေဆိုပွဲကို နေ့စဉ်ကျင်းပပေးလျက်ရှိပြီး ဖြေဆိုပွဲအပြီးတွင် ဆုငွေများကို ချီးမြှင့်ပေးအပ်သည်။

အဆိုပါပြိုင်ပွဲပြပွဲကို ဧပြီ ၄ရက်အထိ ဖွင့်လှစ်ပြသထားမည်ဖြစ်သည်။

(သတင်းစဉ်)

အမျိုးသမီး ပြုစုစောင့်ရှောက်ရေးဌာန (မန္တလေး)သို့ အလှူငွေပေးအပ်

ရန်ကုန်　　မတ်　　၂၉

လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးများအား ပြုစုစောင့်ရှောက်ရေးဌာန(မန္တလေး)သို့ အလှူငွေ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ လူမှုဝန်ထမ်းဦးစီး ဌာန(ရုံးချုပ်)အစည်းအဝေးခန်းမ၌ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ အထူးအရာရှိ ဗိုလ်မှူးချုပ်စိန်သောင်း၊ မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလှိုင်၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရွှေဦးစွာ အလှူရှင် စင်ကာပူသမ္မတနိုင်ငံ ရွှေကျောင်းဆရာတော် ရှီဗာဆော့ကိုယ်စား Sri Asia Travel and Tour မှ ဦးလှသိန်းက ငွေလှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အမျိုးသမီးများအား ပြုစုစောင့်ရှောက်ရေးဌာန (မန္တလေး)အတွက် အလှူငွေကျပ်၂၅သိန်းကို ပေးအပ်လှူဒါန်းရာ ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက လက်ခံရယူပြီး **(အပေါ်ပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်၍ ကျေးဇူးတင်စကားပြောကြားသည်။

(သတင်းစဉ်)

မကွေးမြို့ အောင်မြေရတနာကျောင်းတိုက် ငွေရတုဓမ္မရုံသိမ်မာန်တော် ရေစက်ချပွဲကျင်းပ

ရန်ကုန်　　မတ်　　၂၉

မကွေးတိုင်း မကွေးမြို့ အောင်မြေရတနာကျောင်းတိုက် ငွေရတုဓမ္မရုံသိမ်မာန်တော် ရေစက်ချ၊ ကျောင်းလွှတ်ပူဇော်ပွဲနှင့် သိက္ခာထပ်ရှင်ပြုနားသ အလှူတော်မင်္ဂလာသဘင်ကို မတ် ၂၇ ရက်တွင် မကွေးမြို့ ကန်သာယာရပ် အောင်မြေရတနာ စာသင်တိုက်၌ ကျင်းပသည်။

ဖွင့်လှစ်

အစီအစဉ်အရ နံနက်ပိုင်းတွင် ငွေရတုဓမ္မရုံသိမ်မာန်တော်ဖွင့်ပွဲကျင်းပရာမကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေနှင့်အလှူရှင်များ ဖြစ်ကြသော ဦးမောင်မောင်(ဇေယျာရွှေမြေကုမ္ပဏီ) – ဒေါက်တာနီလာသိန်း (မျက်စိအထူးကုဆရာဝန်)၊ သမီး ကြေးမုံခင်၊ သားမင်းသုမောင် မိသားစုတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

ထို့နောက် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဘိဓဇမဟာရဋ္ဌဂုရု၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော်ထံမှ ပရိသတ်များက သရဏဂုံ သီလခံယူဆောက်တည်ကြသည်။

ယင်းနောက် ငွေရတုဓမ္မရုံသိမ်မာန်တော်ကျောင်းဒါယိကာမ မျက်စိအထူးကု ဆရာဝန် ဒေါက်တာနီလာသိန်းက အနုမောဒနာ လျှောက်ထားလွှာကို ဖတ်ကြားသည်။

ထို့နောက် မကွေးဆရာတော်ကြီးထံမှ အနုမောဒနာတရားနာကြားကြပြီးရေစက်သွန်းချအမျှပေးဝေကာ မွန်းလွဲပိုင်းတွင် ကျောင်းလွှတ်ပူဇော်ပွဲ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။ ကျောင်းလွှတ်ပူဇော်ပွဲနှင့်အတူ ဆရာတော်ကြီးကိုးပါးတို့အား သိက္ခာထပ်ပွဲ၊ ရှင်ပြုနားသ အလှူတော်မင်္ဂလာပွဲတို့ကိုပါ ကျင်းပခဲ့သည်။

(က–ပ)

➪ **ကျောဖုံးမှ**

အဆိုပါ တရားမဝင် လိုင်စင်မဲ့မော်တော်ယာဉ်များအပ်နှံရေးနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် အဆင့်ဆင့်သော အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ သာသနာရေးဦးစီးဌာနအပါအဝင် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပေါင်းစပ်စုဖွဲ့၍ အသိပညာပေးခြင်းအပိုင်းနှင့် ရှာဖွေစစ်ဆေးရေးအပိုင်း အပိုင်း နှစ်ပိုင်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၇–၃–၂၀၀၅ ရက်အထိ တစ်နိုင်ငံလုံးတွင် လိုင်စင်မဲ့မော်တော်ယာဉ် ၄၇၈၁ စီး သိမ်းဆည်းအပ်နှံရရှိခဲ့ကြောင်း၊ ထိုအထဲတွင် မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် ဥပဒေကိုလေးစားလိုက်နာပြီး လာရောက်အပ်နှံသည့် မော်တော်ယာဉ် ၃၃၉၆ စီးရှိကြောင်း၊ လမ်းပေါ်တွင် မောင်းနှင်သွားလာနေရင်း စစ်ဆေးရေးအဖွဲ့ကတွေ့ရှိ သိမ်းဆည်းရမိသော မော်တော်ယာဉ် ၁၃၈၅ စီး၊ သံဃာတော်များက ကိုယ်တိုင်လာရောက်အပ်နှံထားသော ယာဉ် ၁၅၁ စီးရှိခဲ့ကြောင်း၊ တရားမဝင်လိုင်စင်မဲ့ယာဉ်များကို ၃၁–၃–၂၀၀၅ ရက် နောက်ဆုံးထားအပ်နှံရမည်ဖြစ်ပြီး ယင်းရက်နောက်ပိုင်းတွင် လက်ဝယ်၌ရှိနေသော လိုင်စင်မဲ့ယာဉ်များနှင့်ပတ်သက်၍ စစ်ဆေးတွေ့ရှိပါက ယာဉ်များကို နိုင်ငံတော်ပိုင်သိမ်းပြီး ယာဉ်ပိုင်ရှင်ကို ဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း။

အရေးယူသွားမည်

အသင်းအဖွဲ့၊ သာသနာရေးဆိုင်ရာ အဖွဲ့အစည်းများသို့ လှူဒါန်းထားပါကလည်း လှူဒါန်းသူနှင့် ယာဉ်ပိုင်ရှင်ကို စိစစ်အရေးယူသွားမည်ဖြစ်ကြောင်း၊ တရားမဝင်လိုင်စင်မဲ့ မော်တော်ယာဉ်ကို စွန့်ပစ်ခြင်း၊ အပိုင်းလိုက် ဖြုတ်ရောင်းချခြင်း၊ ဖျောက်ဖျက်ထားခြင်းများ တွေ့ရှိပါက ပြုလုပ်သောယာဉ်ပိုင်ရှင်ကို ဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း၊ ကားဘော်ဒီရုံ၊ ကားဝပ်ရှော့၊ ကားအပိုပစ္စည်း ရောင်းဝယ်သည့်ဆိုင်၊ မော်တော်ကားထုတ်လုပ်သည့် စက်မှုဇုန်များကိုလည်း သိရှိအောင်ကြိုတင်အကြောင်းကြားထားရှိကြောင်း၊ ယာဉ်ပိုင်ရှင်များအနေဖြင့် ယာဉ်ကိုဖျက်ဆီးဖျောက်ဖျက် ရောင်းချခဲ့သည်ကို နောက်ကြောင်းပြန်ပေါ်ပေါက်လာလျှင် ယာဉ်ပိုင်ရှင်နှင့် အားပေးကူညီသူများကို တရားဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း။

ပြစ်ဒဏ်ချမှတ်ခံရမည်

ငြိမ်းချမ်းရေးအဖွဲ့အစည်းများ၌ရှိသော တရားမဝင် လိုင်စင်မဲ့မော်တော်ယာဉ်များနှင့်ပတ်သက်၍ အဖွဲ့အစည်းမှ တာဝန်ရှိသူများကို ထပ်မံအသိပေးပြောကြားထားပြီးဖြစ်ကြောင်း၊ သတ်မှတ်သည့်ရက်အတွင်း လာရောက်အပ်နှံခြင်းမရှိသည့် တရားမဝင် လိုင်စင်မဲ့မော်တော်ယာဉ်များကို လမ်းပေါ်၌ စစ်ဆေးသည့်အဖွဲ့က တွေ့ရှိလျှင်ဖြစ်စေ၊ နေအိမ်၊ ခြံဝင်းအတွင်း၌ သိမ်းဆည်းထားလျှင်ဖြစ်စေ၊ အများပြည်သူက သတင်းပေး၍ ဝင်ရောက်ရှာဖွေတွေ့ရှိခဲ့လျှင် ၁၉၄၇ ခုနှစ် သွင်းကုန်/ထုတ်ကုန်ကြီးကြပ်ရေး(ယာယီ) အက်ဥပဒေပုဒ်မ ၅(၁)အရ ထောင်ဒဏ် ခုနစ်နှစ် (သို့မဟုတ်) ငွေဒဏ်လည်း ချမှတ်ခြင်းခံရမည့်အပြင် ပစ္စည်းများကို နိုင်ငံပိုင်အဖြစ် သိမ်းယူမည်ဖြစ်ကြောင်း၊ အားပေးကူညီသူဖြစ်လျှင် ပုဒ်မ ၅(၃)အရ အလားတူပြစ်ဒဏ်ချမှတ်ခံရမည်ဖြစ်ကြောင်း။

ထို့အပြင် တရားမဝင် လိုင်စင်မဲ့ယာဉ်အား အခြားယာဉ်နံပါတ်ကို အတုတပ်ဆင်ထားရှိအသုံးပြုခဲ့လျှင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ၄၂၀/၄၆၈အရ ထောင်ဒဏ် ခုနစ်နှစ် (သို့မဟုတ်)ငွေဒဏ်လည်းချမှတ်ခြင်းခံရမည်ဖြစ်ကြောင်း၊ တစ်စစီဖြုတ်ရောင်းပစ်ခဲ့ခြင်းသည် သက်သေခံပစ္စည်းဖျောက်ဖျက်ရာရောက်သည့်အတွက် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ၂၀၁အရ အရေးယူခံရမည်ဖြစ်ရာ အများဆုံးပြစ်ဒဏ်ခုနစ်နှစ်၏ လေးပုံတစ်ပုံ ထောင်ဒဏ်ကိုဖြစ်စေ၊ ငွေဒဏ်ကိုဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ပြစ်ဒဏ်ချမှတ်ခံရမည်ဖြစ်ကြောင်း သက်ဆိုင်ရာက သတိပေးနှိုးဆော်ထားသည်။ (သတင်းစဉ်)

သကြၤန်အထူးရထားပြေးဆွဲမည်

ရန်ကုန်　မတ်　၂၉

မြန်မာ့မီးရထားသည် နှစ်သစ်ကူးမဟာသင်္ကြန်ပွဲတော်မတိုင်မီနှင့် မဟာသင်္ကြန်ပွဲတော်အပြီး အခါသမယတွင် ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာဖြင့် အဆင်ပြေစွာ ခရီးသွားလာနိုင်ရေးအတွက် သင်္ကြန်အထူးရထားတစ်စင်းကို မတ်၂၆ရက်မှ ၃၁ရက်အထိရန်ကုန်–မန္တလေး–ရန်ကုန်ရက်ခြားပြေးဆွဲပြီး ဧပြီ၁ရက်မှ၁၂ရက် အထိ ရန်ကုန်နှင့် မန္တလေးမှ နေ့စဉ်ပြေးဆွဲပေးမည်ဖြစ်သည်။ ဧပြီ၁၃ရက်မှဧပြီ၁၆ရက်အထိရပ်နားထားပြီး ဧပြီ၁၇ရက်မှ ဧပြီ ၂၀ရက်အထိ ဆက်လက်ပြေးဆွဲပေးမည်ဖြစ်သည်။

ရန်ကုန်မှထွက်သည့်နေ့၌ ည၇နာရီတွင်ထွက်ပြီး မန္တလေးသို့ နောက်တစ်နေ့ နံနက် ၁၀နာရီခွဲတွင် ရောက်ရှိမည်ဖြစ်သည်။ မန္တလေးမှ ထွက်သည့်နေ့၌ ည ၇နာရီခွဲတွင်ထွက်ပြီး ရန်ကုန်သို့ နောက်တစ်နေ့ နံနက်၁၁နာရီခွဲတွင် ရောက်ရှိမည်ဖြစ်သည်။

အဆိုပါသင်္ကြန်အထူးရထားသည် ရန်ကုန်မှ မတ်၂၆၊ ၂၈၊ ၃၀ရက်နှင့် ဧပြီ၁ရက်မှ ၁၂ရက် အထိလည်းကောင်း၊ မန္တလေးမှ မတ်၂၇၊ ၂၉၊ ၃၁ရက်နှင့် ဧပြီ၁ရက်မှ ၁၂ရက်အထိ ပြေးဆွဲမည်ဖြစ်သည်။

သင်္ကြန်အထူးရထားတွင် အထက်တန်းထိုင်ခုံနှစ်တွဲနှင့် ရိုးရိုးတန်းထိုင်ခုံ ၁၀တွဲပါမည်ဖြစ်သည်။

လမ်းခရီးတွင် ပဲခူး၊တောင်ငူ၊ပျဉ်းမနား၊ သာစည်ဘူတာများ၌ ရပ်မည်ဖြစ်သည်။ ရထားလက်မှတ်များကိုအမှတ်(၅)အဆန်/(၆)အစုန်နှုန်းထားအတိုင်း အထက်တန်း ကျပ် ၃၀၉၀ နှင့် ရိုးရိုးတန်း ကျပ် ၁၅၅၀ ဖြင့် ဝယ်ယူနိုင်သည်။

(သတင်းစဉ်)

တောင်ဥက္ကလာပမြို့နယ် (၈)ရပ်ကွက် နဂါးနီ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို မတ် ၇ ရက်က ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှိစာကြည့်တိုက်ရှေ့၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသိန်းလှမောင်ကြီး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူးဒေါ်သန်းနွဲ့နှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်သန်းစိန်တို့ ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်ပြန်/ဆက်)

ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း(TTC) ၁၉၈၈–၁၉၉၅ ပညာသင်နှစ် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် မြတ်ဆရာကန်တော့ပွဲကို မတ် ၂၄ရက်က အဆိုပါကျောင်းခန်းမဆောင်သစ်၌ ကျင်းပရာ အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီးများအား ကန်တော့ကြစဉ်။
(က–ပ)

မြို့တော်ဝန်ဖလား အသင်းလိုက်နှင့် သက်တမ်းအလိုက် တင်းနစ်ပြိုင်ပွဲကျင်းပမည်

ရန်ကုန်　　မတ်　　၂၉

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က ကြီးမှူး၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ပံ့ပိုးကူညီမှုဖြင့်ကျင်းပမည့် မြို့တော်ဝန်ဖလား အသင်းလိုက်နှင့် သက်တမ်းအလိုက် တင်းနစ်ပြိုင်ပွဲကို ဧပြီ ၃ ရက်မှ ၉ ရက်အထိ သိမ်ဖြူ တင်းနစ်အားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

နယ်မှလာရောက်ယှဉ်ပြိုင်မည့် အသင်းများအား မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က တည်းခိုရန်စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်လိုသူများသည် ဧပြီ ၁ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဖုန်း–၃၇၂၃၆၀ ၊ ၃၈၁၉၉၁၊ Fax No.၃၈၁၉၉၂ တို့သို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်သည်။ (သတင်းစဉ်)

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော် ဆဋ္ဌမအကြိမ် နိုင်ငံတကာ အိုင်စီတီပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားအပြီးတွင် Educational Project Competition for National Level **ပြိုင်ပွဲ၌ ဆုရရှိသည့် အလက (၁) ဒဂုံမြို့နယ်မှ ကျောင်းသူ မဟေမာန်အောင်၏** Presentation **ကို ကြည့်ရှုစဉ်။**

(ဓာတ်ပုံ-မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း)

ဆဋ္ဌမအကြိမ် နိုင်ငံတကာ အိုင်စီတီနည်းပညာပြပွဲ ဖွင့်လှစ်

ရန်ကုန် မတ် ၂၉

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၏ ပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းနှင့် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းတို့က ပူးပေါင်းကျင်းပသည့် ဆဋ္ဌမအကြိမ် နိုင်ငံတကာ ICT နည်းပညာပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ အီလက်ထရောနစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ မြန်မာနိုင်ငံ အီလက်ထရောနစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့-အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့်အသင်းများမှ တာဝန်ရှိသူများ၊ ပြပွဲတွင် ပါဝင်ပြသကြသည့် ပြခန်းများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အီလက်ထရောနစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ပြပွဲကို ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအပြီးတွင် Myanmar National ICT Award ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ဆုများ ချီးမြှင့်သည်။

အဆိုပါပြပွဲကို မတ် ၃၁ရက်အထိ နံနက် ၉နာရီမှ ညနေ ၅နာရီအတွင်း ဖွင့်လှစ်ပြသသွားမည်ဖြစ်ရာ ICT နည်းပညာများနှင့် ခေတ်မီပစ္စည်းကိရိယာများကို မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုလေ့လာနိုင်သည်။

(သတင်းစဉ်)

နိုင်ငံတကာ အိုင်စီတီနည်းပညာပြပွဲသို့ ယာဉ်လိုင်းများ ပြေးဆွဲပေးမည်

ရန်ကုန် မတ် ၂၉

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် (MCF) ၏ ပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း (MCIA)၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း (MCPA) တို့ ပူးပေါင်းကျင်းပသည့် ဆဋ္ဌမအကြိမ် နိုင်ငံတကာ အိုင်စီတီနည်းပညာပြပွဲကို မတ် ၂၉ရက်မှ ၃၁ရက်အထိ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC)၌ ပြည်တွင်းကုမ္ပဏီ ၁၄၆ခုနှင့် ပြည်ပကုမ္ပဏီခြောက်ခုတို့မှ ပြခန်းပေါင်း ၁၅၂ခန်းဖြင့် ခင်းကျင်းပြသလျက်ရှိသည်။

ပြပွဲလာပရိသတ်များ လွယ်ကူချောမွေ့စွာ သွားလာနိုင်ရေးအတွက် မထသ (၅၁)ယာဉ်လိုင်း၊ သန်မြန်သူ(၇၉)၊ (၈၀)ယာဉ်လိုင်းနှင့် အနောက်ပိုင်းခရိုင် မထသ(၁၀၂)၊ (၁၀၃)၊ (၁၆၈) ယာဉ်လိုင်းများကို ပြပွဲကာလအတွင်း နေ့စဉ် နံနက် ၉နာရီမှ ညနေ ၅နာရီအထိ သမိုင်းလမ်းဆုံမှ မင်းဓမ္မလမ်း၊ ရှစ်မိုင်လမ်းဆုံမှ မင်းဓမ္မလမ်းသို့ ပုံမှန်လမ်းကြောင်းမပျက်စေဘဲ ဝင်ရောက်ပြေးဆွဲပေးမည် ဖြစ်သည်။

(သတင်းစဉ်)

မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် မတ် ၂၉

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၄-၂၀၀၅ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း အမှတ်ပေး ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့ရှိ သတ်မှတ်ထားသည့် ဘောလုံးကွင်းများ၌ ဆက်လက်ကျင်းပသည်။

ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပသော ပြိုင်ပွဲတွင် ဘဏ္ဍာ/အခွန်အသင်းနှင့် ဆောက်လုပ်ရေးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဘဏ္ဍာ/အခွန်အသင်းက ရှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်း၌ကျင်းပသော ပြိုင်ပွဲတွင် မြို့တော်စည်ပင် အသင်းနှင့် ပြည်ထဲရေးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာမြို့တော်စည်ပင်အသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ သုဝဏ္ဏ(၂၉)ရပ်ကွက် မြရောလမ်း အမှတ်(၂၇)နေ ဦးလှမြင့်ဦး-ဒေါ်အေးအေးမြင့် မိသားစုတို့က ဒေါ်အေးအေးမြင့်၏ မွေးနေ့အထိမ်းအမှတ် ဆေးပဒေသာပင် ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့အတွင်းရေးမှူး ဗိုလ်မှူးအောင်သန်း(ငြိမ်း)သို့ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

ပညာရာမကျောင်း ခုနစ်ရက်တရားစခန်း

ရန်ကုန် မတ် ၂၉

သာကေတမြို့နယ် ၁၀/တောင်(၁၁)ရပ်ကွက် တိုင်းရင်းသားကျေးရွာအနီးရှိ ပညာရာမကျောင်း မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာတွင် သင်္ကြန်ခုနစ်ရက် တရားစခန်းကို ဧပြီ ၁၁ရက်မှ ၁၇ရက်အထိ ကျင်းပမည်ဖြစ်သည်။

တရားစခန်းပွဲတွင် တောင်ကုတ်မြို့နယ် ဓာတ်တော်တောင် သာသနာပြုပဌာန်းဆရာတော် မိုးကုတ်အဖွဲ့ချုပ် ဓမ္မကထိက ဦးဓမ္မိက(ဓမ္မာစရိယ)နှင့် မိုးကုတ်အဖွဲ့ချုပ် ဓမ္မကထိက ဆရာဦးအောင်မွန်တို့က မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဋိစ္စသမုပ္ပာဒ် သစ္စာလေးပါးတရားတော်များကို ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူ ယောဂီများ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်ရေး ဂရိ၊ ပေါ်တူဂီ၊ ပြင်သစ်နှင့် စပိန်တို့ ဖိအားပေးခံနေရ

လန်ဒန် မတ် ၂၉

ယူရိုချန်ပီယံအဖြစ် အောင်ပွဲခံခဲ့ပြီးနောက် ကိုးလအကြာတွင် ၂၀၀၆ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် ခြေစစ်ပွဲအောင်ရန် ဖိအားပေးခံနေရသော အသင်းတစ်သင်းမှာ ဥရောပဇုန်မှ ဂရိအသင်းဖြစ်သည်။

ဂရိအသင်းနည်းတူ ဂျာမနီတွင် ကျင်းပမည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် သေချာပေါက် ပါဝင်ခွင့် ရရှိမည့်အရေးအတွက် ရတက်မအေးဖြစ်နေသော အသင်းများမှာ ပေါ်တူဂီ၊ ပြင်သစ်နှင့် စပိန်အသင်းများ ဖြစ်ကြသည်။

အုပ်စုရှစ်စုပါရှိသော ဥရောပဇုန်၏ ခြေစစ်ပွဲ ပွဲစဉ်များ ကျင်းပလာမှုမှာ ခရီးထက်ဝက် ကျိုးခဲ့ပြီဖြစ်သည်။ ဥရောပဇုန်၏ခြေစစ်ပွဲ ၂၁ပွဲကို ဗုဒ္ဓဟူးနေ့တွင်ကျင်းပရန် စီစဉ်ထားသည်။

မြောက်အမေရိက၊ အလယ်ပိုင်းအမေရိကနှင့် ကာရစ်ဘီယန်ဒေသတို့မှ အသင်းများ၏ ခြေစစ်ပွဲသုံးပွဲအနက် တစ်ပွဲမှာ အမေရိကန်ပြည်ထောင်စုနှင့် ဂွါတီမာလာတို့၏ ဗုဒ္ဓဟူးနေ့(ယနေ့)တွင် ကစားမည့်ပွဲဖြစ်သည်။ ယင်းပွဲကို အမေရိကန်နိုင်ငံ အယ်လ်ဘားမားပြည်နယ် ဘာမင်ဂမ်မြို့၌ ကျင်းပမည်ဖြစ်သည်။

ဗုဒ္ဓဟူးနေ့တွင် တောင်အမေရိကဇုန်၏ ခြေစစ်ပွဲလေးပွဲနှင့် အာရှဇုန်၏ ခြေစစ်ပွဲတို့ကိုလည်း ကျင်းပမည်ဖြစ်သည်။

ဗုဒ္ဓဟူးနေ့တွင် အေသင်မြို့၌ အယ်လ်ဘေးနီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားရသည့် ဂရိအသင်းသည် ပြီးခဲ့သော စနေနေ့က ဂျော်ဂျီယာအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သော်လည်း စက်တင်ဘာလက အယ်လ်ဘေးနီးယားအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်ရှုံးနိမ့်ခဲ့ရာ ဥရောပဇုန်အုပ်စု (၂)တွင် သောကရောက်နေဆဲ ဖြစ်သည်။

ယူရို ၂၀၀၄ ဘောလုံးပြိုင်ပွဲတွင် ဒုတိယရရှိခဲ့သော ပေါ်တူဂီအသင်းသည် ဗုဒ္ဓဟူးနေ့တွင် အရေးပါသောပွဲအဖြစ် ဆလိုဗက်ကီးယားနှင့် ယှဉ်ပြိုင်ရမည် ဖြစ်သည်။ အဆိုပါ အသင်းနှစ်သင်းစလုံးသည် ဥရောပဇုန် အုပ်စု(၃)တွင် ၁၃မှတ်စီဖြင့် ထိပ်၌ ရှိနေကြသည်။ ပေါ်တူဂီအသင်းသည် စနေနေ့က ချစ်ကြည်ရေးပွဲကစားရာတွင် ကနေဒါအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဆလိုဗက်ကီးယားအသင်းမှာလည်း အက်စတိုးနီးယားအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

၁၉၉၈ခုနှစ် ကမ္ဘာ့ဖလားချန်ပီယံ ပြင်သစ်အသင်းသည် စနေနေ့က ဆွစ်ဇာလန်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ဂိုးမရှိသရေကျခဲ့သည်။ ပြင်သစ်အသင်းသည် ဥရောပဇုန် အုပ်စု(၄)တွင် ၎င်း၏ အဓိကပြိုင်ဘက် အသင်းများဖြစ်ကြသော အိုင်ယာလန်၊ အစ္စရေးနှင့် ဆွစ်ဇာလန်နိုင်ငံတို့နှင့် ကစားခဲ့ရာ၌ အိမ်ကွင်းတွင် တတိယအကြိမ် ဂိုးမရဘဲရှိနေခဲ့သည်။ ပြင်သစ်အသင်းကို နည်းပြ ရေမွန်းဒိုမီနက်ချ်က ပြီးခဲ့သည့် ဇူလိုင်လတွင် တာဝန်ယူလာခဲ့ချိန်နောက်ပိုင်း ယင်းအသင်းသည် ရှစ်ပွဲကစားခဲ့ရာ၌ ခြောက်ဂိုးသာ ရရှိခဲ့သည်။

ပြင်သစ်၊ အိုင်ယာလန်နှင့် အစ္စရေးအသင်းတို့ ကိုးမှတ်စီ ရရှိထားချိန်တွင် ဆွစ်ဇာလန်အသင်းမှာ ခြောက်မှတ် ရရှိထားသည်။ ပြင်သစ်အသင်းသည် လာမည့် ခြေစစ်ပွဲစဉ်များအတွင်း အိုင်ယာလန်နှင့် လည်းကောင်း၊ ဆွစ်ဇာလန်နှင့်လည်းကောင်း ယှဉ်ပြိုင်ကစားရန် ရှိနေသေးသည်။

အုပ်စု(၇)တွင် ပါဝင်သော စပိန်အသင်းသည် ဗုဒ္ဓဟူးနေ့တွင် ဘဲလဂရိတ်မြို့၌ ဆားဘီးယား-မွန်တီနီဂရိုးအသင်းနှင့် ယှဉ်ပြိုင်ရန်ရှိပြီး ယင်းပွဲမှာ စပိန်အသင်းအတွက် ပွဲကျပ်တစ်ခု ဖြစ်နိုင်သည်။ ဆားဘီးယားအသင်းမှာ ၁၀ မှတ်ဖြင့် ဦးဆောင်နေချိန်တွင် စပိန်နှင့် လစ်သူယေးနီးယားအသင်းတို့က နှစ်မှတ်လျော့ဖြင့် နောက်မှလိုက်နေသည်။

(အင်တာနက်)

ကမ္ဘာ့ဖလား ခြေစစ်ပွဲအဖြစ် ဗုဒ္ဓဟူးနေ့ (ယနေ့) တွင် ဆလိုဗက်ကီးယားအသင်းနှင့် ကစားရမည့် ပေါ်တူဂီအသင်းမှ ခရစ္စတီယာနို ရိုနယ်လ်ဒို ပွဲအကြို လေ့ကျင့်နေသည်ကို မတ် ၂၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘရာဇီးနိုင်ငံ ဂိုယာနီယာမြို့တွင် ပီရူးအသင်းနှင့် ခြေစစ်ပွဲကစားသည့် ဘရာဇီးအသင်းမှ ရိုနယ်လ်ဒင်ဟို ဘောလုံးယှဉ်လုနေသည်ကို မတ် ၂၇ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



မြန်မာနိုင်ငံ ရေချိုငါးမွေးမြူရေး လုပ်ငန်းဆိုင်ရာ ညှိနှိုင်းဆွေးနွေး

ရန်ကုန် မတ် ၂၉

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းကျင်းပသည့် မြန်မာနိုင်ငံ ရေချိုငါးမွေးမြူရေးလုပ်ငန်းဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမဆောင်၌ ကျင်းပရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တက်ရောက်၍ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်း အရှိန်အဟုန်မြင့် တိုးချဲ့ဆောင်ရွက်ရေးနှင့် မွေးမြူရေးအစားအစာနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရမည့် အခြေအနေများကို ဆွေးနွေးမှာကြားသည်။

တင်ပြဆွေးနွေး

ထို့နောက် မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း တွဲဖက်အတွင်းရေးမှူး ဦးဝင်းကြိုင်က ရေချိုငါးမွေးမြူရေး လုပ်ငန်းဆိုင်ရာ အခြေအနေများကို လည်းကောင်း၊ အတွင်းရေးမှူး ဦးစိုးတင့်က ရေချိုငါးမွေးမြူရေးလုပ်ငန်း၏ တစ်ဧကချင်းအလိုက် အကျိုးအမြတ်ရရှိနိုင်မှု အခြေအနေများကိုလည်းကောင်း၊ တွံတေးမြို့နယ်မှ ငါးမွေးမြူရေးလုပ်ငန်းရှင် ဦးစောမြင့်ရွှေ၊ တွံတေးမြို့နယ် ရွှေယမင်းဒေသ ငါးမွေးမြူရေးလုပ်ငန်းရှင် ဦးဝင်းသွင်နှင့် မအူပင်မြို့နယ်မှ ငါးမွေးမြူရေးလုပ်ငန်းရှင် ဦးရှန်ကြည်တို့က ရေချိုငါးမွေးမြူရေးလုပ်ငန်းတွင် လုပ်ငန်းအဆင့်အလိုက် တွေ့ကြုံရသည့် အခြေအနေများကို လည်းကောင်း တင်ပြဆွေးနွေးကြသည်။

ဆက်လက်၍ငါးစာ၏ အရည်အသွေးစံချိန်စံညွှန်း၊ ဈေးနှုန်းထိန်းညှိမှုနှင့် ထုတ်လုပ်မှုဆိုင်ရာ အခြေအနေများကို မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်အေးက လည်းကောင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွှန့်က မွေးမြူရေးအစာတုများ အန္တရာယ်နှင့် မွေးမြူရေးအစာတု ထုတ်လုပ်သူများအား အရေးယူဆောင်ရွက်နေမှုကိုလည်းကောင်း၊ ပုဂ္ဂလိက အစာစပ်စက်ရုံများ၊ မွေးမြူရေးအစားအစာရောင်းဝယ်သူများနှင့် မြန်မာနိုင်ငံရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် ပို့ကုန် လုပ်ငန်းရှင်များ အသင်းတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆိုင်ရာ အခြေအနေများကိုလည်းကောင်း တင်ပြဆွေးနွေးကြသည်။

ဆွေးနွေးမှာကြား

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက လိုအပ်သည်များကို ညှိနှိုင်းဆွေးနွေးမှာကြားသည်။

(သတင်းစဉ်)

တောင်ဥက္ကလာပမြို့နယ် အမှတ်(၂၆) အခြေခံပညာမူလတန်းကျောင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးအပ်ပွဲ အခမ်းအနားကို မတ် ၁၂ရက်က ကျင်းပရာ စတုတ္ထတန်း ပထမဆုရ မောင်ကောင်းစံအား ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်က ဆုချီးမြှင့်စဉ်။ (၆၄)

အမှာစကားပြောကြား

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ကျင်းပသော ရေချိုငါးမွေးမြူရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲတွင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း အမှာစကားပြောကြားစဉ်။ (မွေး/ရေ)

လယ်တီဝိပဿနာ တရားစခန်းများ ဖွင့်မည်

ရန်ကုန် မတ် ၂၉

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် လယ်တီဝိပဿနာပြန့်ပွားရေး ဗဟိုအဖွဲ့ချုပ် ဩဝါဒါစရိယ၊ လယ်တီဝိပဿနာ ကမ္မဋ္ဌာနာစရိယအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ မဟာထေရ်၏ ဩဝါဒတော်အရ နာဂလိုဏ်ဂူဘုရားကုန်းမြေ ကလေးဝတောရ စာသင်တိုက်နှင့် စမ်းချောင်းမြို့နယ် လယ်တီဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်(၃၃၇/က) ပြည်လမ်း (မဟာမြိုင်မှတ်တိုင်အနီး) ရန်ကုန်မြို့၌ လယ်တီဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ်က ကြီးမှူးပြီး ၁၃၆၆ ခုနှစ် နှောင်းတန်ခူးလဆန်း ၅ ရက် (သင်္ကြန်အကြိုနေ့) မွန်းလွဲ ၁ နာရီတွင် လယ်တီဝိပဿနာတရားစခန်း ဖွင့်လှစ်မည်ဖြစ်သည်။ (က-ပ)

ရေကြောင်းဘက်ဆိုင်ရာ လုံခြုံရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၂၉

အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ် International Maritime Organization (IMO)နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပသည့် ရေကြောင်းဘက်ဆိုင်ရာ လုံခြုံရေး (Maritime Security) အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉နာရီတွင် ဒေါပုံမြို့နယ်ရှိ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဖေသန်း၊ အထူးအရာရှိ ဗိုလ်မှူးချုပ်မျိုးတင့်၊ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းနှင့် ဝန်ကြီးဌာနအောက်ရှိ ဌာနများမှ ဌာနအကြီးအကဲများ၊ အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ်မှ Regional Co-ordinator Ms. Brenda V. Pimentel နှင့် အဖွဲ့ဝင်များ၊ ဝန်ကြီးဌာနအသီးသီးမှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဦးဖေသန်းက အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ်မှ Regional Co-ordinator Ms. Brenda V. Pimentelက နှုတ်ခွန်းဆက်စကား ပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲမှာ အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ်နှင့် ပို့ဆောင်ရေးဝန်ကြီးဌာနတို့ ပထမဦးဆုံးအကြိမ် ပူးပေါင်းကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲဖြစ်ပြီး ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူ ၄၀ တို့အား ဆွေးနွေးပို့ချမည်ဖြစ်သည်။ အလုပ်ရုံဆွေးနွေးပွဲကို ဧပြီ ၁ရက်အထိ ပြုလုပ်သွားမည်ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ်က သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်မည်ဖြစ်သည်။

(သတင်းစဉ်)

ရေကစားလိုသူများ လျှောက်ထားနိုင်

ရန်ကုန် မတ် ၂၉

၁၃၆၆ခုနှစ် မဟာသင်္ကြန်ပွဲတော်ရက်များအတွင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီပိုင် ရေပိုက်များနှင့် အင်းလျားကန်၊ ကန်တော်ကြီးကန်တို့မှ ရေဖြင့်ရေကစားလိုသူများသည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)သို့ ဧပြီ ၁၁ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထား၍ ခွင့်ပြုမိန့် လျှောက်ထားရမည်ဖြစ်သည်။

ခွင့်ပြုမိန့်မရရှိဘဲ ရေဆက်သွယ်ကစားပါက အရေးယူသွားမည်ဖြစ်သည်။ (သတင်းစဉ်)

သင်္ကြန် ၁၀ ရက် တရားစခန်း ဖွင့်မည်

ရန်ကုန် မတ် ၂၉

မြောက်ဥက္ကလာပမြို့နယ် ခတ္တာလမ်း (၁)ရပ်ကွက် အလင်းရောင် မဟာစည်ရိပ်သာ (၁၅)ကြိမ်မြောက် သင်္ကြန် ၁၀ ရက်တရားစခန်းကို ဧပြီ ၇ ရက်မှ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်ရာ တရားအားထုတ်လိုသူများ၊ ရှင်ပြုဒုလ္လဘ ရဟန်းခံနှင့် သီလရှင်ဝတ်လိုသူများသည် ဧပြီ ၆ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်းနှင့် ဆွမ်းနှင့် ဖျော်ရည်၊ ဆေးဝါးပစ္စည်း လှူဒါန်းလိုသူများ ဖုန်း-၆၆၅၃၀၇ သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (က-ပ)

ဧပြီလအတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

ရန်ကုန် မတ် ၂၉

ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်ပါသည်။ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာမည်။

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် ခြောက်ရက်မှ ကိုးရက်ခန့်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် လေးရက်မှ ငါးရက်ခန့် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

နေ့အပူချိန်များမှာ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဖြစ်မြဲထက်ပိုပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ဖြစ်မြဲခန့်သာရှိမည်။

အပူဒဏ်အန္တရာယ် ကာကွယ်ရေး နှိုးဆော်ချက်

ယခုအခါတွင် နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီ ဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုများဖြစ်ပွားပါသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်။

- **(၁) နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင် နေပါ၊**
- **(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ၊**
- **(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ၊**
- **(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်၊**
- **(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ၊**
- **(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ၊**
- **(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ၊**
- **(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆား ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ၊**
- **(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ၊**
- **(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများ အနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ၊**
- **(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ၊**
- **(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာကျန်းမာရေးဌာနတွင် ပြသပါ။**

ကျန်းမာရေးဝန်ကြီးဌာန

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃၀-၃-၂၀၀၅ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ အပိတ်နှုတ်ဆက်စကား
၈:၁၁	၁၀။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀	၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀	၅။ မျိုးချစ်တပ်မတော်
၄:၄၀	၆။ ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
၄:၅၀	၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၀၀	၈။ **မမှောင်သောအလင်း အပိုင်း (၁၀)**
၅:၃၀	၉။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၀	၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။ နိုင်ငံတကာသတင်း
၆:၂၀	၁၃။ မိုးလေဝသသတင်း
၆:၂၅	၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀	၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ငယ်ချစ်ဦး" (အပိုင်း-၂၆)**
၈:၀၀	၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြိုင်ဟေဝန်က သိုင်းလုလင်" (အပိုင်း-၉)**
	၂၁။ သင့်အတွက်မနက်ဖြန်
	၂၂။ အပိတ်နှုတ်ဆက်စကား
	၂၃။ ပြီးပါပြီ။

ရှေးဟောင်း ရွှေကျောင်းတော်ကြီး ဗုဒ္ဓစွယ်တော်မြတ် ပူဇနီယပွဲတော် ကျင်းပမည်

ပဲနွယ်ကုန်း မတ် ၂၀

ပဲခူးတိုင်း ပဲနွယ်ကုန်းမြို့ ရှမ်းရွာကြီး ရှေးဟောင်းရွှေကျောင်းတော်ကြီးတွင် စံပယ်တော်မူသော ဗုဒ္ဓစွယ်တော်မြတ်အား ၁၃၆၆ခုနှစ် တပေါင်းလပြည့်ကျော် ၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၅ နာရီတွင် သံဃာတော်များ အနေကဇာတင် ပူဇော်ပြီး နံနက် ၇နာရီတွင်လှူဒါန်းမှုအစုစုအား ရေစက်ချကာ နံနက် ၈နာရီတွင် မြို့တွင်းသို့ လှည့်လည်အပူဇော်ခံပြီး တတိယအကြိမ် မြတ်ဗုဒ္ဓစွယ်တော်မြတ် ဗုဒ္ဓပူဇနီယပွဲတော်ကို ၁၃၆၆ခုနှစ် တပေါင်းလပြည့်ကျော် ၆၊ ၇ ရက်နှင့် ၈ရက်တို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ **(က-ပ)**

ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းဖွင့်

မိတ္ထီလာ မတ် ၂၀

မိတ္ထီလာမြို့ စည်ပင်သာယာရေး အဖွဲ့သည် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မိတ္ထီလာမြို့ အောင်ဇေယျာနယ်မြေ ကိုယ့်အားကိုယ်ကိုး ကုမုဒြာ ကတ္တရာ လမ်းဖွင့်ပွဲကို မတ် ၁၈ ရက်က အောင်ဇေယျာရပ်ကွက် ကုမုဒြာလမ်းထိပ်တွင် ကျင်းပသည်။

မိတ္ထီလာမြို့ အောင်ဇေယျာရပ်ကွက် ကုမုဒြာလမ်းသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးဆန်းဝင်းနှင့် လမ်းကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်တင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ကုမုဒြာလမ်းသည် အရှည်ပေ ၈၀၀၊ အကျယ် ၁၄ ပေရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၈၂၅၀၀၀ ထည့်ဝင်ပြီး ပြည်သူများ လှူဒါန်းငွေကျပ် ၂၀၀၀၀၀၀ ပါဝင်ပြီး စုစုပေါင်းကျပ် ၂၈၂၅၀၀၀ အကုန်အကျခံ ဖောက်လုပ်ထားကြောင်း သိရသည်။ **(၁၁၁)**

စည်ပင်သာယာရေး လုပ်ငန်းများစစ်ဆေး

သံဖြူဇရပ် မတ် ၂၀

စည်ပင်သာယာရေး ဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွန့်သည် ဖေဖော်ဝါရီ ၂၅ရက်က သံဖြူဇရပ်မြို့နယ် စည်ပင်နှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်သော ကျူကရုတ်ကျေးရွာအဝင်လမ်း ဂဝံခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုအား ကွင်းဆင်းစစ်ဆေးရာ **(အောက်ပုံ)** မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်လှိုင်၊ အမှုဆောင်အရာရှိ ဦးတင်မောင်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးခင်လှိုင်တို့က လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြကြသည်။ **(မြို့နယ်စည်ပင်)**

ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သည့် ဘိုကုန်းကျေးရွာ အလှူရှင်စက်ရေတွင်းကို မတ် ၂၅ ရက်က မင်းဘူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး မျိုးအောင် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်စည်ပင်)

ကျေးလက် တစ်ခွင် ဖွံ့ဖြိုး စည်ပင်

ဖေဖော်ဝါရီ ၂၂ ရက်က မအူပင်မြို့နယ် ခိုင်မာလာ ကျောက်ချောလမ်းသစ်အား ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်စည်ပင်)

မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

ကျုံပျော် မတ် ၁၆

ကျုံပျော်မြို့နယ် စည်ပင်သာယာရေး အဖွဲ့ပိုင် မြို့မဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး စီမံချက်အရ ဖေဖော်ဝါရီ ၂၇ရက်က ဦးစီးအရာရှိ ဦးအောင်သူဝင်းနှင့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ မီးသတ်ဦးစီးဌာန ဝန်ထမ်းများနှင့် ဈေးကော်မတီဝင်များ၊ ဈေးသူဈေးသားများ မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်မှုကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ဒုရဲမှူး ဦးကံဌေး၊ အမှုဆောင်အရာရှိ ဦးသန်းအေးတို့က ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ပန်းအလှပင်

ကချင်ပြည်နယ် ဆွမ်ပရာဘွမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၅ ရက်က မြို့မရပ်ကွက်ရှိ မြို့ဆိုင်းဘုတ်ဝန်းကျင်တွင် ဝန်ထမ်းများ စုပေါင်း၍ ပန်းအလှပင်များ စိုက်ပျိုးကြစဉ်။

(မြို့နယ်စည်ပင်)

အောင်လံစိန်စည်ရိပ်သာ တရားစခန်းပွဲ

အောင်လံ မတ် ၂၀

အောင်လံမြို့ မန်ကျည်းကုန်းရပ် မဟာစည်သြဝါဒခံ စိန်စည်သာသနာ့ ရိပ်သာ၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော သင်္ကြန် တရားစခန်းပွဲကို ဧပြီ ၆ ရက်မှ ၂၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။ အရဏ်ဆွမ်း၊ နေ့ဆွမ်းများ လှူဒါန်းလိုပါက ရိပ်သာ ဖုန်း ၀၆၉-၂၁၂၃၁ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ စိန်စည်ဆရာတော်သည် ဧပြီ ၂၇ ရက်တွင် ပြည်ပနိုင်ငံများသို့ ဓမ္မ ဓူတခရီး ဆက်လက်ကြွမည်ဖြစ်သည်။ **(က-ပ)**

တောင်သာမြို့နယ် စုရပ်ကြီးကျေးရွာတွင် မတ် ၇ ရက်က နိုင်ငံသား အရည်အချင်း ပြည့်မီသူများအား နိုင်ငံသား စိစစ်ရေး ကတ်ပြား ပေးအပ်ပွဲ အခမ်းအနား ကျင်းပရာ မြို့နယ် ဦးစီးဌာနမှူး ဦးခင်မောင်ကျော်က မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင် ဦးစိန်ဝင်းအား နိုင်ငံသား စိစစ်ရေး ကတ်ပြား ပေးအပ်စဉ်။

(မြို့နယ် ပြန်/ဆက်)

ချောင်းကူးတံတား

ဒေးဒရဲမြို့နယ် အုံးပင်ကျေးရွာအုပ်စု ဆားအိုးချောင်းနှင့် ဘန်ကျွန်းကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် အလှူရှင်များ စုပေါင်း တည်ဆောက်သည့် ချောင်းကူးတံတားကို ဇန်နဝါရီ ၂၄ ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးထိန်လင်းနှင့် အလှူရှင်များကိုယ်စား ရေလုပ်ငန်းရှင် ဦးကျော်မြင့်၊ ကျေးရွာဥက္ကဋ္ဌ ဦးတိုးတို့ ဖွင့်လှစ်ပေးပြီး တွေ့ရစဉ်။

(မြို့နယ်စည်ပင်)

ကျေးလက်အိမ်ရာ ကြီးကြပ်ဆောင်ရွက်

သဲကုန်း မတ် ၂၈

သဲကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်အတွက် ကျေးလက်အိမ်ရာဆောက်လုပ်ရန် လျာထားခဲ့သည့် အိမ်ရာ ၁၈လုံးအနက် ပုတီးကုန်းတွင် ငါးလုံး၊ အင်းမတွင် လေးလုံးနှင့် ဆင်မြီးဆွဲတွင် နှစ်လုံး စုစုပေါင်း ၁၁ လုံးတို့ကိုသတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်နိုင်ခဲ့သည်။

အဆိုပါ ဆောက်လုပ်ရာသို့ အမှုဆောင်အရာရှိ ဦးတင်မောင်ဌေး၊ တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းနိုင်နှင့် အငယ်တန်းအင်ဂျင်နီယာ (၂) မြို့ပြ ဦးမင်းသိန်းတို့က အနီးကပ်ကြီးကြပ် ဆောင်ရွက်ခဲ့ကြသည်။ **(မြို့နယ်စည်ပင်)**

ရမည်းသင်း၌ ကျေးလက် စက်ရေတွင်းဖွင့်

ရမည်းသင်း မတ် ၂၂

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် တူးဖော်ဆောင်ရွက်ပေးခဲ့သော နှစ်လက်မ စက်ရေတွင်းဖွင့်ပွဲကို မတ် ၁၉ ရက်က ကန်ဆွယ်ကျေးရွာ စက်ရေတွင်းရှေ့တွင် ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်

ထို့နောက် စက်ရေတွင်းအား ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

သောက်သုံးရေရရှိ

အဆိုပါစက်ရေတွင်းသည် တစ်နာရီလျှင် ရေဂါလန် ၉၀၀ ထွက်ရှိကာ အဖွဲ့ရန်ပုံငွေ ကျပ် ၁၁၄၃၆၀၀ အကုန်အကျခံ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ရာ ကျေးရွာပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိပြီဖြစ်သည်။ **(၁၁၅)**

ဖွင့်လှစ်

ဘူးသီးတောင်မြို့နယ် ဓညဝတီလမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက်က ကျင်းပရာ ဘူးသီးတောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်စိုးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့ ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

မြို့နယ် သတင်းများ

မတ် ၂၈ရက်က အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပစဉ်။ (သတင်း–ရှေ့ဖုံး) (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နှစ်(၆၀)ပြည့် တပ်မတော်နေ့ အခမ်းအနားများ

မြစ်ကြီးနား၊ လားရှိုး၊ မန္တလေး၊ မော်လမြိုင်နှင့် ပုသိမ်တို့၌ကျင်းပ

ရန်ကုန် မတ် ၂၈

နှစ်(၆၀)ပြည့် တပ်မတော်နေ့အခမ်းအနားကို မတ် ၂၇ရက် နံနက် ၇နာရီခွဲတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ကျင်းပရာ အခမ်းအနားသို့ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက တိုင်းမှူး၏ဇနီး ဒေါ်တင်တင်နွဲ့၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်စံထွန်း၊ မြစ်ကြီးနားလေတပ်စခန်းဌာနချုပ်ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇော်ထွန်းနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံ တိုင်းရင်းသားအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ *

ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက၊ သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ခင်းကျင်းထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကြေးမုံ The Mirror

ခေါင်းကြီးဆောင်းပါး အညွှန်း

▶ ***"စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းရေး တပ်မတော်နှင့်ပြည်သူ စည်းလုံးညီညွတ်မှုဖြင့် ကြိုးပမ်းတည်ဆောက်"***

ခေါင်းကြီး (စာမျက်နှာ–၂)

▶ ***"ဒေသအတွက်၊ ပြည်သူအတွက်၊ နိုင်ငံတော်အတွက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ကြရာ၌ မျိုးချစ်စိတ်ဓာတ် အရင်းခံပြီး ရိုးသားမှန်ကန်စွာ ကြိုးစားလုပ်ကိုင်"***

ဟိန်းမြင့်၏ ဆောင်းပါး

(စာမျက်နှာ–၆)

မြန်မာ့ကျောက်မျက်ပြပွဲ အကြိုခင်းကျင်းမှု ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၂၈

မြန်မာ့ကျောက်မျက်ရတနာ ပြပွဲဗဟိုကော်မတီနာယက၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ယနေ့ညနေ ၄နာရီမိနစ် ၂၀တွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမသို့ ရောက်ရှိလာပြီး ၂၀၀၅ခုနှစ် (၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အကြိုခင်းကျင်းပြသထားမှုများကို ကြည့်ရှုစစ်ဆေးရာ ပြပွဲဗဟိုကော်မတီဥက္ကဋ္ဌ၊ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ဗဟိုကော်မတီဝင်များက ကြိုဆိုကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် မြန်မာ့ကျောက်မျက်ရတနာခန်းမ မြေညီထပ်ရှိ ကျောက်မျက်ရတနာ အရောင်းဆိုင်များနှင့် ကျောက်ကပ်ပန်းချီ အရောင်းဆိုင်များကိုလည်းကောင်း၊ ခန်းမဝန်းကျင်၌ ခင်းကျင်း ပြသထားသော ကျောက်စိမ်းအရည်ကျောက်၊အထည်ကျောက်နှင့်အသားကျောက် အရိုင်းတုံးများကို လည်းကောင်း၊ ခန်းမအပေါ်ထပ်၌ခင်းကျင်းပြသထားသော

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✧

တရားမဝင် လိုင်စင်မဲ့မော်တော်ယာဉ်များ အပ်နှံရန်နှိုးဆော် မတ် ၃၁ရက်နောက်ပိုင်းတွေ့ရှိက ဥပဒေအရ အရေးယူမည်

ရန်ကုန် မတ် ၂၈

တရားမဝင် လိုင်စင်မဲ့ မော်တော်ယာဉ်များနှင့် ပတ်သက်၍ ၉–၁၁–၂၀၀၄ရက်နေ့ သတင်းစာရှင်းလင်းပွဲတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်က နိုင်ငံတော်၏တည်ဆဲဥပဒေအရ မည်သည့်ယာဉ်ဖြစ်စေ၊ တရားဝင်ဖြစ်သော လိုင်စင်ရှိမှသာ မောင်းနှင်အသုံးပြုခွင့်ရှိမည်ဖြစ်ကြောင်း၊ လိုင်စင်မဲ့မော်တော်ယာဉ်များကို ယခုအခါ သိမ်းဆည်းလျက်ရှိကြောင်း၊ ထိုသို့သိမ်းဆည်းရာတွင် ယာဉ်ကိုသာ သိမ်းဆည်းမည်ဖြစ်ပြီး ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းစသည့် ပုဂ္ဂိုလ်များအား အရေးယူခြင်း၊ မည်သူ့ထံမှ ဝယ်ယူသည်၊ မည်သည့်လမ်းကြောင်းမှ တင်သွင်းသည်စသည်တို့ကို မေးမြန်းမည်မဟုတ်ကြောင်း၊ လိုင်စင်မဲ့မော်တော်ယာဉ် လက်ဝယ်ရှိသူသည် အနီးဆုံး မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းများသို့ တရားဝင်အပ်နှံခြင်းသည်သာ အမှန်ကန်ဆုံး ဆောင်ရွက်နည်းဖြစ်ကြောင်း ၂၈–၁၂–၂၀၀၄ရက်နေ့ သတင်းစာရှင်းလင်းပွဲ၌လည်း ထပ်မံ၍ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်က လိုင်စင်မဲ့မော်တော်ယာဉ်များကို ၂၀၀၅ခုနှစ် မတ် ၃၁ရက် နောက်ဆုံးထား၍ နီးစပ်ရာရဲစခန်းများသို့ ဆက်သွယ်အပ်နှံကြရန် လိုအပ်ကြောင်းကို ရှင်းလင်းပေးခဲ့သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ➩

ဆူနာမီရေလှိုင်းဖြစ်ပေါ်မှုမရှိကြောင်းကြေညာ

ရန်ကုန် မတ် ၂၈

၂၀၀၅ခုနှစ် မတ် ၂၈ရက်နေ့ မြန်မာစံတော်ချိန် ၂၂နာရီ ၄၅မိနစ် ဝ၆စက္ကန့်တွင် ကမ္ဘာ့အေးမြေငလျင်စခန်း၏ တောင်ဘက်မိုင် ၉၀၀ခန့်တွင် ရစ်ချ်တာစကေး(၈ဒသမ၇)ရှိ အင်အားအလွန်ပြင်းထန်သော မြေငလျင်ကြီးလှုပ်ရှားခဲ့သည်။

သို့ရာတွင် ငလျင်ကြီး အရှိန်ကြောင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်သို့ ဆူနာမီရေလှိုင်း တက်ရောက်နိုင်သည့် အခြေအနေများမတွေ့ရကြောင်းနှင့် စိုးရိမ်ဖွယ်ရာမရှိကြောင်းဖြင့် ပို့ဆောင်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အသိပေးကြေညာထားသည်။

(သတင်းစဉ်)